# အဘိဓမ္မပိဋက

# ဝိဘင်္ဂပါဠိတော်

မြန်မာပြန်

------

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ၁၂ - ဈာနဝိဘင်္ဂ

## (ဈာန်တရားတို့ကို ဝေဖန်၍ ပြသော ဈာနဝိဘင်း)

**၁ - သုတ္တန္တဘာဇနီယနည်း (အကျဉ်း)** (သုတ္တန်နည်းဖြင့် ဝေဖန်၍ ဟောကြားသောနည်း)

တရားအားထုတ်ရန် ရှေးဦးကျင့်စဉ်

နီဝရဏငါးပါးပယ်ပုံ

ရူပဈာန်လေးပါးသို့ရောက်ပုံ

အရူပဈာန်လေးပါးသို့ရောက်ပုံ

**၂ - သုတ္တန္တဘာဇနီယနည်း (အကျယ်)**

မကျင့်အပ်သော အကျင့်များ

ကျင့်အပ်သောအကျင့်များ

ကျက်စားသင့်သောနေရာ

ဗောဓိပက္ခိယတရားများ

၁ - ပဌမဈာန်အဖွင့်

၂ - ဒုတိယဈာန်အဖွင့်

၃ - တတိယဈာန်အဖွင့်

၄ - စတုတ္ထဈာန်အဖွင့်

အာကာသာနဉ္စာယတနဈာန်

ဝိညာဏဉ္စာယတနဈာန်

အာကိဉ္စညာယတနဈာန်

နေဝသညာနာသညာယတနဈာန်

# ၁၂ - ဈာနဝိဘင်

၂ - **အဘိဓမ္မဘာဇနီယနည်း** (အဘိဓမ္မာနည်းဖြင့် ဝေဖန်၍ ဟောကြားသောနည်း)

၁ - စတုက္ကနည်း ရူပါဝစရကုသိုလ်ဈာန်လေးပါး

ပဌမဈာန်

ဒုတိယဈာန်

တတိယဈာန်

စတုတ္ထဈာန်

ပဉ္စကနည်း ရူပါဝစရကုသိုလ်ဈာန်ငါးပါး

ပဌမဈာန်

ဒုတိယဈာန်

တတိယဈာန်

စတုတ္ထဈာန်

ပဉ္စမဈာန်

၂ - အရူပါဝစရကုသိုလ်ဈာန်လေးပါး

စတုတ္ထအရူပဈာန်

၃ - စတုက္ကနည်း လောကုတ္တရာကုသိုလ်ဈာန်လေးပါး

ပဌမဈာန်

ဒုတိယဈာန်

တတိယဈာန်

စတုတ္ထဈာန်

ပဉ္စကနည်း လောကုတ္တရာကုသိုလ်ဈာန်ငါးပါး

ပဌမဈာန်

ဒုတိယဈာန်

တတိယဈာန်

စတုတ္ထဈာန်

ပဉ္စမဈာန်

၄ - စတုက္ကနည်း ရူပါဝစရဝိပါက်ဈာန်လေးပါး

ပဌမဈာန်

ဒုတိယဈာန်စသည်

ပဉ္စကနည်း ရူပါဝစရဝိပါက်ဈာန်ငါးပါး

# ၁၂ - ဈာနဝိဘင်္ဂ

၅ - အရူပါဝစရဝိပါက်ဈာန်လေးခု

၆ - စတုက္ကနည်း လောကုတ္တရာဝိပါက်ဈာန်လေးခု

ပဌမဈာန်

ဒုတိယဈာန်စသည်

ပဥ္စကနည်း လောကုတ္တရာဝိပါက်ဈာန်ငါးခု

စတုက္ကနည်း ရူပါဝစရကြိယာဈာန်လေးပါး

ပဌမဈာန်

ဒုတိယဈာန်စသည်

ပဥ္စကနည်း ရူပါဝစရကြိယာဈာန်ငါးပါး

အရူပါဝစရကြိယာဈာန်လေးပါး

၃ - **ပဉှာပုစ္ဆကနည်း** (အမေးအဖြေပြု၍ ဟောကြားသောနည်း)

ဈာန်လေးပါးတို့ကို တိက်, ဒုက်တို့ဖြင့် ဝေဖန်၍ အမေးပုစ္ဆာနည်းသက်သက်ကို ပြခြင်း

၁ - ဈာန်လေးပါးတို့ကို တိက်တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကို ပြခြင်း

| | |
|---|---|
| (၁) ကုသလတိက်အဖြေဝိသဇ္ဇနာ | (၁၂) ပရိတ္တတိက် |
| (၂) ဝေဒနာတိက် | (၁၃) ပရိတ္တာရမ္မဏတိက် |
| (၃) ဝိပါကတိက် | (၁၄) ဟီနတိက် |
| (၄) ဥပါဒိန္နတိက် | (၁၅) မိစ္ဆတ္တတိက် |
| (၅) သံကိလိဠ္ဌတိက် | (၁၆) မဂ္ဂါရမ္မဏတိက် |
| (၆) ဝိတက္ကတိက် | (၁၇) ဥပ္ပန္နတိက် |
| (၇) ပီတိတိက် | (၁၈) အတီတတိက် |
| (၈) ဒဿနတိက် | (၁၉) အတီတာရမ္မဏတိက် |
| (၉) ဒဿနဟေတုတိက် | (၂၀) အဇ္ဈတ္တတိက် |
| (၁၀) အာစယဂါမိတိက် | (၂၁) အဇ္ဈတ္တာရမ္မဏတိက် |
| (၁၁) သေက္ခတိက် | (၂၂) သနိဒဿနတိက် |

# ၁၂ - ဗျာနဝိဘင်္ဂ

## ၂ - ဒုက် ၁၀၀-တို့ဖြင့် ဝေဖန်၍အဖြေဝိသဇ္ဇနာကို ပြခြင်း

ဟေတုဂေါစ္ဆကအဖြေ

(၁) ဟေတုဒုက်
(၂) သဟေတုကဒုက်
(၃) ဟေတုသမ္ပယုတ္တဒုက်
(၄) ဟေတုသဟေတုကဒုက်
(၅) ဟေတုဟေတုသမ္ပယုတ္တဒုက်
(၆) န ဟေတု သဟေတုကဒုက်

စူဠန္တရဒုက်အဖြေဝိသဇ္ဇနာ

(၇) သပ္ပစ္စယဒုက်
(၈) သင်္ခတဒုက်
(၉) သနိဒဿနဒုက်
(၁၀) သပ္ပဋိဃဒုက်
(၁၁) ရူပီဒုက်
(၁၂) လောကိယဒုက်
(၁၃) ကေနစိဝိညေယျဒုက်

အာသဝဂေါစ္ဆကအဖြေ

(၁၄) အာသဝဒုက်
(၁၅) သာသဝဒုက်
(၁၆) အာသဝသမ္ပယုတ္တဒုက်
(၁၇) အာသဝသာသဝဒုက်
(၁၈) အာသဝသာသဝသမ္ပယုတ္တဒုက်
(၁၉) အာသဝဝိပ္ပယုတ္တသာသဝဒုက်

သံယောဇနဂေါစ္ဆကအဖြေ

(၂၀-၂၅) သံယောဇနဒုက်

ဂန္ထဂေါစ္ဆကအဖြေ

(၂၆-၃၁) ဂန္ထဒုက်

ဩဃဂေါစ္ဆကအဖြေ

(၃၂-၃၇) ဩဃဒုက်

ယောဂဂေါစ္ဆကအဖြေ

(၃၈-၄၃) ယောဂဒုက်

နီဝရဏဂေါစ္ဆကအဖြေ

(၄၄-၄၉) နီဝရဏဒုက်

ပရာမာသဂေါစ္ဆကအဖြေ

(၅၀-၅၄) ပရာမာသဒုက်

# ၁၂ - ဈာနဝိဘင်

မဟာန္တရဒုက်အဖြေ

(၅၅) သာရမ္မဏဒုက်
(၅၆) စိတ္တဒုက်
(၅၇) စေတသိကဒုက်
(၅၈) စိတ္တသမ္ပယုတ္တဒုက်
(၅၉) စိတ္တသံသဋ္ဌဒုက်
(၆၀) စိတ္တသမုဋ္ဌာနဒုက်
(၆၁) စိတ္တသဟဘူဒုက်
(၆၂) စိတ္တာနုပရိဝတ္တိဒုက်
(၆၃) စိတ္တသံသဋ္ဌသမုဋ္ဌာနဒုက်
(၆၄) စိတ္တသံသဋ္ဌသမုဋ္ဌာနသဟဘူဒုက်
(၆၅) စိတ္တသံသဋ္ဌသမုဋ္ဌာနာနုပရိဝတ္တိဒုက်
(၆၆) အဇ္ဈတ္တိကဒုက်
(၆၇) ဥပါဒါဒုက်
(၆၈) ဥပါဒိန္နဒုက်

ဥပါဒါနဂေါစ္ဆကအဖြေ

(၆၉-၇၄) ဥပါဒါနဒုက်

ကိလေသဂေါစ္ဆကအဖြေ

(၇၅-၈၂) ကိလေသဒုက်

ပိဋ္ဌိဒုက်အဖြေ

(၈၃) ဒဿနေနပဟာတဗ္ဗဒုက်
(၈၄) ဘာဝနာယပဟာတဗ္ဗဒုက်
(၈၅) ဒဿနေနပဟာတဗ္ဗဟေတုကဒုက်
(၈၆) ဘာဝနာယပဟာတဗ္ဗဟေတုကဒုက်
(၈၇) သဝိတက္ကဒုက်
(၈၈) သဝိစာရဒုက်
(၈၉) သပ္ပီတိကဒုက်
(၉၀) ပီတိသဟဂတဒုက်
(၉၁) သုခသဟဂတဒုက်
(၉၂) ဥပေက္ခာသဟဂတဒုက်
(၉၃) ကာမာဝစရဒုက်
(၉၄) ရူပါဝစရဒုက်
(၉၅) အရူပါဝစရဒုက်
(၉၆) ပရိယာပန္နဒုက်
(၉၇) နိယျာနိကဒုက်
(၉၈) နိယတဒုက်
(၉၉) သဉတ္တရဒုက်
(၁၀၀) သရဏဒုက်

**ဈာန်တရားတို့ကို ဝေဖန်၍ပြသော**

**ဈာနဝိဘင်း မာတိကာ ပြီးပြီ။**

------

# အဘိဓမ္မပိဋက

# ဝိဘင်္ဂပါဠိတော်

## မြန်မာပြန်

------

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ၁၂ - ဈာနဝိဘင်္ဂ

## (ဈာန်တရားတို့ကို ဝေဖန်၍ ပြသော ဈာနဝိဘင်း)

### ၁ - သုတ္တန္တဘာဇနီယနည်း (အကျဉ်း)

### (သုတ္တန်နည်းဖြင့် ဝေဖန်၍ ဟောကြားသောနည်း)

### တရားအားထုတ်ရန် ရှေးဦးကျင့်စဉ်

၅၀၈။ ဤသာသနာတော်၌ ရဟန်းသည် ပါတိမောက္ခသံဝရသီလကို စောင့်ထိန်းလျက် နေ၏။ အကျင့် 'အာစာရ'၊ ကျက်စားရာ 'ဂေါစရ' နှင့် ပြည့်စုံ၏။ အနည်းငယ်မျှသော အပြစ်တို့၌သော်လည်း ဘေးဟု ရှုလေ့ရှိ၏။ သိက္ခာပုဒ်တို့၌ ကောင်းစွာ ဆောက်တည်၍ ကျင့်၏။ (မျက်စိစသော) ဣန္ဒြေတို့၌ လုံခြုံသော တံခါးရှိ၏။ စားဖွယ် 'ဘောဇဉ်' ၌ အတိုင်းအရှည်ကို သိ၏။ ညဉ့်ဦးယံ, မိုးသောက်ယံပတ်လုံး နိုးကြားခြင်းငှါ အားထုတ်ခြင်းနှင့် ယှဉ်၏။ မပြတ်မလပ် ဖြစ်စေအပ်သော လုံ့လ, ရင့်ကျက်သော ပညာနှင့် ပြည့်စုံ၏။ ဗောဓိပက္ခိယတရားတို့ကို ပွါးများခြင်းငှါ အားထုတ်ခြင်းနှင့် ယှဉ်၏။ သတိသမ္ပဇဉ် ပွါးများနည်း ထိုရဟန်းသည် ရှေ့သို့ တက်ရာ နောက်သို့ ဆုတ်ရာ၌ ပညာဖြင့် ဆင်ခြင်၍ ပြုလေ့ရှိ၏၊ တူရူကြည့်ရာ တစောင်းကြည့်ရာ၌ ပညာဖြင့် ဆင်ခြင်၍ ပြုလေ့ရှိ၏၊ ကွေးရာ ဆန့်ရာ၌ ပညာဖြင့် ဆင်ခြင်၍ ပြုလေ့ရှိ၏၊ ဒုကုဋ် သပိတ် သင်္ကန်းကို ဆောင်ရာ၌ ပညာဖြင့် ဆင်ခြင်၍ ပြုလေ့ရှိ၏၊ စားရာသောက်ရာ ခဲရာ လျက်ရာ၌ ပညာဖြင့် ဆင်ခြင်၍ ပြုလေ့ရှိ၏၊ ကျင်ကြီး ကျင်ငယ်စွန့်ရာ၌ ပညာဖြင့် ဆင်ခြင်၍ ပြုလေ့ရှိ၏၊ သွားရာ ရပ်ရာ ထိုင်ရာ အိပ်ရာ နိုးရာ ပြောဆိုရာ ဆိတ်ဆိတ်နေရာတို့၌ ပညာဖြင့် ဆင်ခြင်၍ ပြုလေ့ရှိ၏။ တောကျောင်းအင်္ဂါ။ ထိုရဟန်းသည် နည်းသော အသံရှိသော၊ ကျယ်လောင်သော အသံမရှိသော၊ လှည့်လည် သွားလာသော လူတို့၏ အနံ့မှ ကင်းသော၊ လူသံစသည်တို့မှ တိတ်ဆိတ်သော၊ တစ်ယောက်တည်း ကိန်းအောင်း ရန်သင့်လျော် လျောက်ပတ်သော၊ တော, သစ်ပင်ရင်း, တောင်, ချောက်, တောင်ခေါင်း (ဂူ) သင်္ချိုင်း, တောအုပ်, လွင်ပြင်, ကောက်ရိုးပုံဟူသော ဆိတ်ငြိမ်သော ကျောင်း အိပ်ရာ နေရာကို မှီဝဲ၏။ ထိုရဟန်းသည် တောသို့ ကပ်၍သော်လည်းကောင်း၊ သစ်ပင်ရင်းသို့ ကပ်၍သော် လည်းကောင်း၊ ဆိတ်ငြိမ်ရာ အရပ်သို့ ကပ်၍သော်လည်းကောင်း ထက်ဝယ်ဖွဲ့ခွေပြီးလျှင် ကိုယ်ကို ဖြောင့်မတ်စွာ ထား၍ ကမ္မဋ္ဌာန်းသို့ ရှေးရှုသတိကို ဖြစ်စေလျက် ထိုင်၏။

# ဈာနဝိဘင်္ဂ

## နီဝရဏ ငါးပါး ပယ်ပုံ

(၁) ထိုရဟန်းသည် (ဥပါဒါနက္ခန္ဓာဟူသော) လောက၌ တပ်မက်ခြင်း 'အဘိဇ္ဈာ' ကို ပယ်၍ တပ်မက်ခြင်း 'အဘိဇ္ဈာ' ကင်းသော စိတ်ဖြင့် နေ၏။ တပ်မက်ခြင်း 'အဘိဇ္ဈာ' မှ စိတ်ကို စင်ကြယ်စေ၏။

(၂) ပျက်စီးစေလိုမှု 'ဒေါသ' ကို ပယ်၍ မပျက်စီးစေလိုသော စိတ်ရှိသည်ဖြစ်၍ အလုံးစုံသော သတ္တဝါတို့၏ အကျိုးစီးပွါးကို လိုလားလျက် နေ၏။ ပျက်စီးစေလိုသော 'ဒေါသ' မှ စိတ်ကို စင်ကြယ်စေ၏။

(၃) လေးလံ ထိုင်းမှိုင်းခြင်း 'ထိနမိဒ္ဓ' ကို ပယ်၍ လေးလံ ထိုင်းမှိုင်းခြင်း 'ထိနမိဒ္ဓ' မှ ကင်းသည် ဖြစ်၍ အလင်းရောင်၌ ဖြစ်သော အမှတ်သညာရှိသည် ဖြစ်၍ သတိ, ပညာနှင့် ပြည့်စုံလျက် နေ၏။ လေးလံ ထိုင်းမှိုင်းခြင်း 'ထိနမိဒ္ဓ' မှ စိတ်ကို စင်ကြယ်စေ၏။

(၄) ပျံ့လွင့်မှု 'ဥဒ္ဓစ္စ' နောင်တ တစ်ဖန် ပူပန်မှု 'ကုက္ကုစ္စ' ကို ပယ်၍ မိမိသန္တာန်၌ ငြိမ်းအေးသော စိတ်ရှိသည် ဖြစ်၍ မပျံ့လွင့်သည်ဖြစ်၍ နေ၏။ ပျံ့လွင့်ခြင်း 'ဥဒ္ဓစ္စ' နောင်တ တစ်ဖန် ပူပန်မှု 'ကုက္ကုစ္စ' မှ စိတ်ကို စင်ကြယ်စေ၏။

(၅) ယုံမှားမှု 'ဝိစိကိစ္ဆာ' ကို ပယ်၍ ယုံမှားမှု 'ဝိစိကိစ္ဆာ' ကို လွန်မြောက်၍ ကုသိုလ်တရားတို့၌ သို့လော သို့လော မရှိသည်ဖြစ်၍ နေ၏။ ယုံမှားမှု 'ဝိစိကိစ္ဆာ' မှ စိတ်ကို စင်ကြယ်စေ၏။

# စျာနဝိဘင်္ဂ

## ရူပစျာန် လေးပါးသို့ ရောက်ပုံ

(၁) ထိုရဟန်းသည် စိတ်ကို ညစ်နွမ်းစေတတ်ကုန်သော၊ ပညာကို အားနည်းအောင် ပြုတတ်ကုန်သော ဤ 'နီဝရဏ' ငါးပါးတို့ကို ပယ်၍ ကာမတို့မှ ကင်းဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ကင်းဆိတ်၍သာလျှင် ကြံစည်ခြင်း 'ဝိတက်' နှင့်တကွဖြစ်သော၊ သုံးသပ်ခြင်း 'ဝိစာရ' နှင့်တကွဖြစ်သော၊ (နီဝရဏ) ကင်းဆိတ်ခြင်းကြောင့် ဖြစ်သော နှစ်သက်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ' ရှိသော ပဌမစျာန်သို့ ရောက်၍ နေ၏။

(၂) ဝိတက် ဝိစာရတို့၏ ချုပ်ငြိမ်းခြင်းကြောင့် မိမိသန္တာန်၌ စိတ်ကို ကြည်လင်စေတတ်သော၊ စိတ်၏ တည်ကြည်ခြင်း 'သမာဓိ' ကို ဖြစ်ပွါးစေတတ်သော၊ ကြံစည်ခြင်း 'ဝိတက်' မရှိသော၊ သုံးသပ်ခြင်း 'ဝိစာရ' မရှိသော၊ တည်ကြည်ခြင်း 'သမာဓိ' ကြောင့်ဖြစ်သော၊ နှစ်သက်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ' ရှိသော ဒုတိယစျာန်သို့ ရောက်၍ နေ၏။

(၃) နှစ်သက်ခြင်း 'ပီတိ' ကိုလည်း မတပ်မက်ခြင်းကြောင့် သတိ, သမ္ပဇဉ်နှင့် ပြည့်စုံသည်ဖြစ်၍ လျစ်လျူရှုလျက်သာလျှင် နေ၏။ ချမ်းသာခြင်း 'သုခ' ကိုလည်း ကိုယ်ဖြင့် ခံစား၏။ အကြင် တတိယစျာန်ကြောင့် ထိုသူကို "လျစ်လျူရှုနိုင်သူ သတိရှိသူ ချမ်းသာစွာ နေလေ့ရှိသူ" ဟု အရိယာပုဂ္ဂိုလ်တို့က ချီးမွမ်းတော်မူကြကုန်၏။ ထိုတတိယစျာန်သို့ ရောက်၍ နေ၏။

(၄) ချမ်းသာခြင်း 'သုခ' ဆင်းရဲခြင်း 'ဒုက္ခ' ကိုလည်း ပယ်ခွါခြင်းကြောင့် ရှေးဦးကပင် ဝမ်းမြောက်ခြင်း 'သောမနဿ' စိတ်နှလုံးမသာယာခြင်း 'ဒေါမနဿ' တို့၏လည်း ချုပ်နှင့်ခြင်းကြောင့် ဆင်းရဲ ချမ်းသာ မရှိသော လျစ်လျူရှုမှု 'ဥပေက္ခာ' ကြောင့်ဖြစ်သည့် သတိ၏ စင်ကြယ်ခြင်းရှိသော စတုတ္ထစျာန်သို့ ရောက်၍ နေ၏။

# ဈာနဝိဘင်္ဂ

## အရူပဈာန် လေးပါးသို့ ရောက်ပုံ

(၁) ရူပဈာန်၏ အာရုံ 'ရူပသညာ' တို့ကို လုံး၀ လွန်မြောက်ခြင်းကြောင့်၊ ပဉ္စဝတ္ထု+ပဉ္စာရုံတို့ ထိခိုက်မှုကြောင့် ဖြစ်သည့် မှတ်သားမှု 'ပဋိဃသညာ' တို့၏ လုံး၀ချုပ်ခြင်းကြောင့် အထူးထူးသော သဘောရှိသော အာရုံ၌ ဖြစ်သည့် မှတ်သားမှု 'နာနတ္တသညာ' တို့ကို လုံး၀နှလုံးမသွင်း မူ၍ "ကောင်းကင်သည် အဆုံး အပိုင်းအခြား မရှိ" ဟု (စီးဖြန်းလျက်) အာကာသာနဉ္စာယတနဈာန်ကို ပြည့်စုံစေ၍ နေ၏။

(၂) အာကာသာနဉ္စာယတနဈာန်ကို လုံး၀ လွန်မြောက်ခြင်းကြောင့် "ဝိညာဏ်သည် အဆုံး အပိုင်းအခြား မရှိ" ဟု (စီးဖြန်းလျက်) ဝိညာဏဉ္စာယတနဈာန်ကို ပြည့်စုံစေ၍ နေ၏။

(၃) ဝိညာဏဉ္စာယတနဈာန်ကို လုံး၀ လွန်မြောက်ခြင်းကြောင့် "စိုးစဉ်းမျှ မရှိ" ဟု (စီးဖြန်းလျက်) အာကိဉ္စညာယတနဈာန်ကို ပြည့်စုံစေ၍ နေ၏။

(၄) အာကိဉ္စညာယတနဈာန်ကို လုံး၀ လွန်မြောက်ခြင်းကြောင့် နေဝသညာ နာသညာယတနဈာန်ကို ပြည့်စုံစေ၍ နေ၏။

**သုတ္တန္တဘာဇနီယနည်း (အကျဉ်း) ပြီး၏။**

# ဈာနဝိဘင်္ဂ

## ၂ - သုတ္တန္တဘာဇနီယနည်း (အကျယ်)

၅၀၉။ (က္က) "ဤ၌" ဟူသည်ကား ဤဘုရားအမြင်၌ ဤဘုရား နှစ်သက်ခြင်း၌ ဤဘုရား အလို၌ ဤဘုရား အယူ၌ ဤဘုရား တရားတော်၌ ဤဘုရား အဆုံးအမတော်၌ ဤဘုရား တရားတော် အဆုံးအမတော်၌ ဤဘုရား ပိဋကတ်တော်၌ ဤမြတ်သော အကျင့်၌ ဤဘုရား၏ သာသနာတော်၌။ ထို့ကြောင့် (က္က) "ဤ၌" ဟု ဆိုအပ်၏။

၅၁၀။ "ရဟန်း" ဟူသည်ကား ရဟန်းဟု ခေါ်ဝေါ် ပညတ်ခြင်းကြောင့် ရဟန်း၊ ရဟန်းဟု ဝန်ခံခြင်းကြောင့် ရဟန်း၊ ဆွမ်းခံစားတတ်သောကြောင့် ရဟန်း၊ ဆွမ်းခံစားလေ့ရှိသော သဘောကြောင့် ရဟန်း၊ ဆွမ်းခံအကျင့်သို့ ကပ်ရောက်တတ်သောကြောင့် ရဟန်း၊ အပိုင်းပိုင်းပြတ်သော အဝတ်ကို ချုပ်စပ်၍ ဝတ်တတ်သောကြောင့် ရဟန်း၊ အကုသိုလ် အယုတ်တရားတို့ကို ဖျက်ဆီးတတ်သောကြောင့် ရဟန်း၊ အကုသိုလ် အယုတ်တရားတို့ကို ဖျက်ဆီးပြီးသောကြောင့် ရဟန်း၊ အဆင့်ဆင့်အားဖြင့် ကိလေသာတို့ကို ပယ်တတ်သောကြောင့် ရဟန်း၊ တစ်ပြိုင်နက်အားဖြင့် ကိလေသာတို့ကို ပယ်တတ်သောကြောင့် ရဟန်း၊ ကျင့်ဆဲဖြစ်သော ရဟန်း၊ ကျင့်ပြီးသော ရဟန်း၊ ကျင့်ဆဲကျင့်ပြီး မဟုတ်သော ရဟန်း၊ မြတ်သော ရဟန်း၊ ကောင်းသော ရဟန်း၊ ကြည်ညိုဖွယ်ဖြစ်သော ရဟန်း၊ အနှစ်သာရရှိသော ရဟန်း၊ ညီညွတ်သော သံဃာသည် ပြုအပ်သော, မြတ်စွာဘုရား သာသနာအား ထိုက်သော, မပျက်သော ဉတ်လျှင် လေးကြိမ်မြောက်ရှိသော 'ဉတ္တိစတုတ္ထ' ကံနှင့် ပြည့်စုံသော ရဟန်းတည်း။

၅၁၁။ "ပါတိမောက်" ဟူသည်ကား သီလတည်း၊ ကုသိုလ်တရားတို့၏ တည်ရာတည်း၊ အစ အဦးတည်း၊ အခြေခံတည်း၊ စောင့်စည်းခြင်းတည်း၊ စောင့်ရှောက်ခြင်းတည်း၊ ကုသိုလ်တရားတို့သို့ ရောက်ရန် အဦးတည်း၊ ရှေ့သွားတည်း။

"သံဝရ" ဟူသည် ကိုယ်၌ ဖြစ်သော မလွန်ကျူးခြင်း၊ နှုတ်၌ ဖြစ်သော မလွန်ကျူးခြင်း ကိုယ်နှုတ်၌ ဖြစ်သော မလွန်ကျူးခြင်းတည်း။ "စောင့်ထိန်းလျက်" ဟူသည် ဤသီလဟူသော စောင့်ရှောက်မှုနှင့် ပြည့်စုံ၏၊ ကောင်းစွာ ပြည့်စုံ၏၊ ကပ်၍ဖြစ်၏၊ ကောင်းစွာ ကပ်၍ ဖြစ်၏၊ အနီးဖြစ်၏၊ ပြည့်စုံ၏၊ ပြည့်စုံခြင်းသို့ ရောက်၏။ ထို့ကြောင့်"ပါတိမောက္ခ သံဝရသီလကို စောင့်ထိန်းလျက်" ဟု ဆိုအပ်၏။

၅၁၂။ "(ဝိဟရတိ) နေ၏" ဟူသည် ဣရိယာပုထ်လေးပါးကို ဖြစ်စေ၏၊ ဖြစ်၏၊ စောင့်ရှောက်၏၊ မျှတ၊ မျှတစေ၏၊ ကျင့်၏၊ ဣရိယာပုထ် တစ်ပါးဖြင့် ဣရိယာပုထ် တစ်ပါးကို ဖြတ်လျက် ဆောင်၏။ ထို့ကြောင့် "(ဝိဟရတိ) နေ၏" ဟု ဆိုအပ်၏။

၅၁၃။ "အကျင့် 'အာစာရ' ကျက်စားရာ 'ဂေါစရ' နှင့် ပြည့်စုံ၏" ဟု ဆိုရာ၌ ကျင့်အပ်သော အကျင့်သည် ရှိ၏၊ မကျင့်အပ်သော အကျင့်သည် ရှိ၏။

# ဈာနဝိဘင်္ဂ

## မကျင့်အပ်သော အကျင့်များ

ထိုနှစ်ပါးတို့တွင် အဘယ်သည် မကျင့်အပ်သော အကျင့် မည်သနည်း။

ကိုယ်၌ ဖြစ်သော လွန်ကျူးခြင်း၊ နှုတ်၌ ဖြစ်သော လွန်ကျူးခြင်း၊ ကိုယ်နှုတ်၌ ဖြစ်သော လွန်ကျူးခြင်း သည် ရှိ၏။ ဤသဘောကို မကျင့်အပ်သော အကျင့်ဟု ဆိုအပ်၏။ သီလပျက်ကြောင်း အကျင့် အားလုံးသည်လည်း မကျင့်အပ်သော အကျင့် မည်၏။ ဤသာသနာတော်၌ အချို့သော ရဟန်းသည် ဝါးပေးခြင်းဖြင့် လည်းကောင်း၊ သစ်ရွက်ပေးခြင်းဖြင့် လည်းကောင်း၊ ပန်းပေးခြင်းဖြင့် လည်းကောင်း၊ သစ်သီးပေးခြင်းဖြင့် လည်းကောင်း၊ ရေချိုးဆပ်ပြာမှုန့်ပေးခြင်းဖြင့် လည်းကောင်း၊ ဒန်ပူပေးခြင်းဖြင့် လည်းကောင်း၊ ချစ်ခင်စေလို၍ မြှောက်ပင့်ပြောဆိုခြင်းဖြင့် လည်းကောင်း၊ အမှန်နည်းပါး အမှားများ သော စကားကို ပြောဆိုခြင်းဖြင့် လည်းကောင်း၊ ကလေးချော့ ကလေးထိန်းပေးခြင်းဖြင့် လည်းကောင်း၊ လူတို့အတွက် သတင်းပို့ပေးခြင်းဖြင့် လည်းကောင်း၊ မြတ်စွာဘုရား စက်ဆုပ်တော်မူအပ်သော မှားသော အသက်မွေးမှု တစ်ခုခုဖြင့် လည်းကောင်း အသက်မွေးမြူ၏၊ ဤသဘောကို မကျင့်အပ်သော အကျင့်ဟု ဆိုအပ်၏။

# ဈာနဝိဘင်္ဂ

## ကျင့်အပ်သောအကျင့်များ

ထိုနှစ်ပါးတို့တွင် အဘယ်သည် ကျင့်အပ်သော အကျင့် မည်သနည်း။ ကိုယ်၌ ဖြစ်သော မလွန်ကျူးခြင်း၊ နှုတ်၌ ဖြစ်သော မလွန်ကျူးခြင်း၊ ကိုယ်နှုတ်၌ ဖြစ်သော မလွန်ကျူးခြင်းသည် ရှိ၏။ ဤသဘောကို ကျင့်အပ်သော အကျင့်ဟု ဆိုအပ်၏။ သီလ စောင့်ထိန်းမှု အားလုံးသည်လည်း ကျင့်အပ်သော အကျင့် မည်၏။ ဤသာသနာတော်၌ အချို့သော ရဟန်းသည် ဝါးပေးခြင်းဖြင့် လည်းကောင်း၊ သစ်ရွက်ပေးခြင်းဖြင့် လည်းကောင်း၊ ပန်းပေးခြင်းဖြင့် လည်းကောင်း၊ သစ်သီးပေးခြင်းဖြင့် လည်းကောင်း၊ ရေချိုးဆပ်ပြာမှုန့်ပေးခြင်းဖြင့် လည်းကောင်း၊ ဒန်ပူပေးခြင်းဖြင့် လည်းကောင်း၊ ချစ်ခင်စေလို၍ မြှောက်ပင့်ပြောဆိုခြင်းဖြင့် လည်းကောင်း၊ အမှန်နည်းပါး အမှားများသော စကားကို ပြောဆိုခြင်းဖြင့် လည်းကောင်း၊ ကလေးချော့ ကလေးထိန်းပေးခြင်းဖြင့် လည်းကောင်း၊ လူတို့အတွက် သတင်းပို့ပေးခြင်းဖြင့် လည်းကောင်း၊ မြတ်စွာဘုရား စက်ဆုပ်တော်မူအပ်သော မှားသော အသက်မွေးမှု တစ်ခုခုဖြင့် လည်းကောင်း အသက်မွေးမြူခြင်း မပြုပေ။ ဤသဘောကို ကျင့်အပ်သော အကျင့်ဟု ဆိုအပ်၏။

၅၁၄။ “ကျက်စားရာ ‘ဂေါစရ’” ဟု ဆိုရာ၌ ကျက်စားသင့်သော နေရာသည် ရှိ၏၊ မကျက်စားသင့်သော နေရာသည် ရှိ၏။ မကျက်စားသင့်သော နေရာထိုတွင် အဘယ်သည် မကျက်စားသင့်သော နေရာ မည်သနည်း။

ဤသာသနာတော်၌ အချို့သော ရဟန်းသည် ပြည့်တန်ဆာမအိမ်၌ ကျက်စား၏၊ မုဆိုးမအိမ်၌ ကျက်စား၏၊ အပျိုကြီးအိမ်၌ ကျက်စား၏၊ ပဏ္ဍုက်အိမ်၌ ကျက်စား၏၊ ဘိက္ခုနီမကျောင်း၌ ကျက်စား၏၊ သေတင်းကုပ်၌ ကျက်စား၏၊ မင်းတို့နှင့် လည်းကောင်း၊ မင်း၏ အမတ်တို့နှင့် လည်းကောင်း၊ တိတ္ထိတို့နှင့် လည်းကောင်း၊ တိတ္ထိတပည့်တို့နှင့် လည်းကောင်း သာသနာတော်နှင့် မလျောက်ပတ်သော ဆက်ဆံခြင်းဖြင့် ဆက်ဆံ၍ နေ၏။ ရဟန်းယောက်ျား ရဟန်းမိန်းမ ဥပါသကာယောက်ျား ဥပါသိကာမိန်းမတို့အား သဒ္ဓါတရား မရှိကုန်သော၊ မကြည်ညိုကုန်သော၊ ရေတွင်းသဖွယ် မဖြစ်ကုန်သော၊ ဆဲရေးတတ် ရေရွတ်တတ်ကုန်သော၊ အကျိုးမဲ့ကို အလိုရှိကုန်သော၊ စီးပွါးမဲ့ကို အလိုရှိကုန်သော၊ ချမ်းသာမဲ့ကို အလိုရှိကုန်သော၊ ယောဂကုန်ရာကို အလိုမရှိကုန်သော အကြင် အမျိုး (ဒါယကာ) တို့သည် ရှိကုန်၏။ ထိုသို့ သဘောရှိသော အမျိုး (ဒါယကာ) တို့ကို မှီဝဲ၏၊ ဆည်းကပ်၏၊ ချဉ်းကပ်၏၊ ဤသဘောကို မကျက်စားသင့်သော နေရာဟု ဆိုအပ်၏။

# စျာနဝိဘင်္ဂ

## ကျက်စားသင့်သောနေရာ

ထိုတွင် အဘယ်သည် ကျက်စားသင့်သော နေရာ မည်သနည်း။

ဤသာသနာတော်၌ အချို့သော ရဟန်းသည် ပြည့်တန်ဆာမအိမ်၌ မကျက်စား၊ မုဆိုးမအိမ်၌ မကျက်စား၊ အပျိုကြီးအိမ်၌ မကျက်စား၊ ပဏ္ဍုက်အိမ်၌ မကျက်စား၊ ဘိက္ခုနီမကျောင်း၌ မကျက်စား၊ သေတင်းကုပ်၌ မကျက်စား၊ မင်းတို့နှင့် လည်းကောင်း၊ မင်း၏အမတ်တို့နှင့် လည်းကောင်း၊ တိတ္ထိတို့နှင့် လည်းကောင်း၊ တိတ္ထိတပည့်တို့နှင့် လည်းကောင်း သာသနာတော်နှင့် မလျော်ကပ်တော်သော ဆက်ဆံခြင်းဖြင့် မဆက်ဆံမူ၍ နေ၏။ ရဟန်း ယောကျ်ား ရဟန်းမိန်းမ ဥပါသကာယောကျ်ား ဥပါသိကာမိန်းမတို့အား သဒ္ဓါတရားရှိကုန်သော၊ ကြည်ညိုကုန်သော၊ ရေတွင်းသဖွယ် ဖြစ်ကုန်သော၊ သင်္ကန်းအရောင်ဖြင့် တောက်ပကုန်သော ရဟန်းတို့၏ သင်္ကန်းကိုယ်တို့မှ ဖြစ်သော လေတို့ဖြင့် လှိုင်ကုန်သော၊ အကျိုးကို အလိုရှိကုန်သော၊ စီးပွါးကို အလိုရှိကုန်သော၊ ချမ်းသာကို အလိုရှိကုန်သော၊ ယောဂကုန်ရာကို အလိုရှိကုန်သော အကြင် အမျိုး (ဒါယကာ) တို့သည် ရှိကုန်၏။ ထိုသို့ သဘောရှိသော အမျိုး (ဒါယကာ) တို့ကို မှီဝဲ၏၊ ဆည်းကပ်၏၊ ချဉ်းကပ်၏၊ ဤသဘောကို ကျက်စားသင့်သော နေရာဟု ဆိုအပ်၏။

ဤဆိုအပ်ခဲ့ပြီးသော အကျင့် 'အာစာရ' ကျက်စားရာ 'ဂေါစရ' နှင့် လည်းကောင်း ပြည့်စုံ၏။ပ။ ကောင်းစွာ ပြည့်စုံခြင်းသို့ ရောက်၏။ ထို့ကြောင့် "အကျင့် 'အာစာရ' ကျက်စားရာ 'ဂေါစရ' နှင့် ပြည့်စုံ၏" ဟု ဆိုအပ်၏။

၅၁၅။ "အနည်းငယ်မျှသော အပြစ်တို့၌သော်လည်း ဘေးဟု ရှုလေ့ရှိ၏" ဟု ဆိုရာ၌ အဘယ်တို့သည် အနည်းငယ်မျှသော အပြစ် မည်ကုန်သနည်း။

အပြစ်ကို ဘေးဟုရှုခြင်း အကြင် အပြစ်တို့သည် ငယ်သော အတိုင်းအရှည် ရှိကုန်၏၊ အနည်းငယ် အောက်လျော့သော အတိုင်းအရှည် ရှိကုန်၏၊ ပေါ့ကုန်၏၊ ပေါ့၏ဟု သမုတ်အပ်ကုန်၏၊ စောင့်စည်းခြင်းဖြင့် ကုစားအပ်ကုန်၏၊ စောင့်ရှောက်ခြင်းဖြင့် ကုစားအပ်ကုန်၏၊ စိတ်ဖြင့် ကုစားအပ်ကုန်၏၊ နှလုံးသွင်းခြင်းဖြင့် ကုစားအပ်ကုန်၏၊ ဤသဘောတို့ကို အနည်းငယ်မျှသော အပြစ်တို့ဟု ဆိုအပ်ကုန်၏။ ဤသို့ ဤအနည်းငယ်မျှသော အပြစ်တို့၌ အပြစ်အားဖြင့် ရှုလေ့ရှိ၏၊ ဘေးအားဖြင့် ရှုလေ့ရှိ၏၊ အပြစ်ရှိသော အားဖြင့် ရှုလေ့ရှိ၏၊ ထွက်မြောက်ရာကို ရှုလေ့ရှိ၏၊ ထို့ကြောင့် "အနည်းငယ်မျှသော အပြစ်တို့၌သော်လည်း ဘေးဟု ရှုလေ့ရှိ၏" ဟု ဆိုအပ်၏။

၅၁၆။ "သိက္ခာပုဒ်တို့၌ ကောင်းစွာ ဆောက်တည်၍ ကျင့်၏" ဟု ဆိုရာ၌ အဘယ်တို့သည် ကျင့်အပ်သော သိက္ခာ မည်ကုန်သနည်း။

သိက္ခာပုဒ်ကို ကျင့်ခြင်း ရဟန်းတို့၏ ရဟန်းသိက္ခာ (ကျင့်ဝတ်)၊ ရဟန်းမိန်းမတို့၏ ရဟန်းမိန်းမ သိက္ခာ (ကျင့်ဝတ်)၊ ဥပါသကာယောကျ်ားတို့၏ ဥပါသကာယောကျ်ားသိက္ခာ (ကျင့်ဝတ်)၊ ဥပါသိကာ မိန်းမတို့၏ ဥပါသိကာမိန်းမသိက္ခာ (ကျင့်ဝတ်)ဟူ၍ ကျင့်အပ်သော သိက္ခာတို့သည် လေးပါးရှိကုန်၏။ ဤလေးပါးတို့ကို ကျင့်အပ်သော သိက္ခာတို့ဟု ဆိုအပ်ကုန်၏။ ဤသို့ ဤသိက္ခာတို့၌ သိက္ခာပုဒ် အားလုံးနှင့် ကျင့်အပ်သော အခြင်းအရာ အားလုံးကို အကြွင်းမရှိ အကျန်မရှိ ဆောက်တည်၍ ကျင့်၏။ ထို့ကြောင့် "သိက္ခာပုဒ်တို့၌ ကောင်းစွာ ဆောက်တည်၍ ကျင့်၏" ဟု ဆိုအပ်၏။

၅၁၇။ "(မျက်စိစသော) ဣန္ဒြေတို့၌ လုံခြုံသော တံခါးရှိ၏" ဟု ဆိုရာ၌ (မျက်စိစသော) ဣန္ဒြေတို့၌ လုံခြုံသော တံခါးရှိခြင်းသည် ရှိ၏။ (မျက်စိစသော) ဣန္ဒြေတို့၌ မလုံခြုံသော တံခါးရှိခြင်းသည် ရှိ၏။ မလုံခြုံသော တံခါးရှိခြင်း ထိုတွင် (မျက်စိစသော) ဣန္ဒြေတို့၌ မလုံခြုံသော တံခါးရှိခြင်းသည် အဘယ် နည်း။ ဤသာသနာတော်၌ အချို့သော ရဟန်းသည် မျက်စိဖြင့် ရူပါရုံကို မြင်သည်ရှိသော် (ယောကျ်ား

မိန်းမစသော) ပုံသဏ္ဌာန် အမှတ်နိမိတ်ကို စွဲယူလေ့ရှိ၏၊ (လက် ခြေစသော အင်္ဂါ ပြုံးဟန် ရယ်ဟန် စသော အမူအရာ) အသေးစိတ် အမှတ်လက္ခဏာကို စွဲယူလေ့ရှိ၏၊ အကြင် စက္ခုန္ဒြေကို မစောင့်စည်း ခြင်းဟူသော အကြောင်းကြောင့် စက္ခုန္ဒြေကို မစောင့်စည်းဘဲနေသော ထိုရဟန်းကို တပ်မက်မှု 'အဘိဇ္ဈာ'၊ နှလုံးမသာယာမှု 'ဒေါမနဿ' ဟူ ကုန်သော ယုတ်မာကုန်သော အကုသိုလ်တရားတို့သည် အဖန်တလဲလဲ လိုက်၍ နှိပ်စက်ကုန်ရာ၏။ (ထိုရဟန်းသည်) ထိုစက္ခုန္ဒြေကို စောင့်စည်းရန် မကျင့်၊ စက္ခုန္ဒြေကို မစောင့်ရှောက်၊ စက္ခုန္ဒြေ၌ စောင့်စည်းခြင်းသို့ မရောက်။ နားဖြင့် သဒ္ဒါရုံကို ကြားသည် ရှိသော်။ပ။

နှာခေါင်းဖြင့် ဂန္ဓာရုံကို နမ်းသည်ရှိသော်။ပ။

လျှာဖြင့် ရသာရုံကို လျက်သည်ရှိသော်။ပ။

ကိုယ်ဖြင့် ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိသည်ရှိသော်။ပ။

စိတ်ဖြင့် ဓမ္မာရုံကို သိသည်ရှိသော် (ယောကျ်ား မိန်းမ စသော) ပုံသဏ္ဌာန် အမှတ်နိမိတ်ကို စွဲယူလေ့ရှိ၏၊ (လက် ခြေစသော အင်္ဂါ ပြုံးဟန် ရယ်ဟန်စသော အမူအရာ) အသေးစိတ် အမှတ် လက္ခဏာကို စွဲယူလေ့ရှိ၏၊ အကြင် မနိန္ဒြေကို မစောင့်စည်းခြင်းဟူသော အကြောင်းကြောင့် မနိန္ဒြေကို မစောင့်စည်းဘဲနေသော ထိုရဟန်းကို တပ်မက်မှု 'အဘိဇ္ဈာ'၊ နှလုံးမသာယာမှု 'ဒေါမနဿ' ဟူကုန်သော ယုတ်မာကုန်သော အကုသိုလ်တရားတို့သည် အဖန်တလဲလဲ လိုက်၍ နှိပ်စက်ကုန်ရာ၏။ (ထိုရဟန်း သည်) ထိုမနိန္ဒြေကို စောင့်စည်းရန် မကျင့်၊ မနိန္ဒြေကို မစောင့်ရှောက်၊ မနိန္ဒြေ၌ စောင့်စည်းခြင်းသို့ မရောက်။ ဤဣန္ဒြေ ခြောက်ပါးတို့ကို အကြင် မလုံခြုံခြင်းသည် မလုံခြုံသော အခြင်းအရာသည် မစောင့်ရှောက်ခြင်းသည် မစောင့်စည်းခြင်းသည် ရှိ၏။ ဤသဘောကို (မျက်စိစသော) ဣန္ဒြေတို့၌ မလုံခြုံသော တံခါးရှိခြင်းဟု ဆိုအပ်၏။

လုံခြုံသော တံခါးရှိခြင်း ထိုတွင် (မျက်စိစသော) ဣန္ဒြေတို့၌ လုံခြုံသော တံခါးရှိခြင်းသည် အဘယ်နည်း။ ဤသာသနာတော်၌ အချို့သော ရဟန်းသည် မျက်စိဖြင့် ရူပါရုံကို မြင်သည်ရှိသော် (ယောကျ်ားမိန်းမစသော) ပုံသဏ္ဌာန် အမှတ်နိမိတ်ကို စွဲယူလေ့မရှိ၊ (လက်ခြေစသော အင်္ဂါ ပြုံးဟန် ရယ်ဟန်စသော အမူအရာ) အသေးစိတ် အမှတ်လက္ခဏာကို စွဲယူလေ့မရှိ၊ အကြင် စက္ခုန္ဒြေကို မစောင့်စည်းခြင်း ဟူသော အကြောင်းကြောင့် စက္ခုန္ဒြေကို မစောင့်စည်းဘဲနေသော ထိုရဟန်းကို တပ်မက်မှု 'အဘိဇ္ဈာ'၊ နှလုံးမသာယာမှု 'ဒေါမနဿ' ဟူကုန်သော ယုတ်မာကုန်သော အကုသိုလ် တရားတို့သည် အဖန်တလဲလဲ လိုက်၍ နှိပ်စက်ကုန်ရာ၏။ (ထိုရဟန်းသည်) ထိုစက္ခုန္ဒြေကို စောင့်စည်း ရန် ကျင့်၏၊ စက္ခုန္ဒြေကို စောင့်ရှောက်၏၊ စက္ခုန္ဒြေ၌ စောင့်စည်းခြင်းသို့ ရောက်၏။ နားဖြင့် သဒ္ဒါရုံကို ကြားသည်ရှိသော်။ပ။

နှာခေါင်းဖြင့် ဂန္ဓာရုံကို နမ်းသည်ရှိသော်။ပ။

လျှာဖြင့် ရသာရုံကို လျက်သည်ရှိသော်။ပ။

ကိုယ်ဖြင့် ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိသည်ရှိသော်။ပ။

စိတ်ဖြင့် ဓမ္မာရုံကို သိသည်ရှိသော် (ယောကျ်ား မိန်းမစသော) ပုံသဏ္ဌာန် အမှတ်နိမိတ်ကို ယူလေ့ မရှိ၊ (လက် ခြေစသော အင်္ဂါ ပြုံးဟန် ရယ်ဟန်စသော အမူအရာ) အသေးစိတ် အမှတ်လက္ခဏာကို စွဲယူလေ့ မရှိ၊ အကြင် မနိန္ဒြေကို မစောင့်စည်းခြင်းတည်းဟူသော အကြောင်းကြောင့် မနိန္ဒြေကို မစောင့်စည်းဘဲနေသော ထိုရဟန်းကို တပ်မက်မှု 'အဘိဇ္ဈာ'၊ နှလုံးမသာယာမှု 'ဒေါမနဿ' ဟူကုန်သော ယုတ်မာကုန်သော အကုသိုလ်တရားတို့သည် အဖန်တလဲလဲ လိုက်၍ နှိပ်စက်ကုန်ရာ၏။ (ထိုရဟန်း သည်) ထိုမနိန္ဒြေကို စောင့်စည်းရန် ကျင့်၏၊ မနိန္ဒြေကို စောင့်ရှောက်၏၊ မနိန္ဒြေ၌ စောင့်စည်းခြင်းသို့ ရောက်၏။ ဤဣန္ဒြေ ခြောက်ပါးတို့ကို အကြင် လုံခြုံခြင်းသည် လုံခြုံသော အခြင်းအရာသည် စောင့်ရှောက်ခြင်းသည် စောင့်စည်းခြင်းသည် ရှိ၏၊ ဤသဘောကို (မျက်စိစသော) ဣန္ဒြေတို့၌ လုံခြုံ

သော တံခါးရှိခြင်း ဟု ဆိုအပ်၏။ ဤက္ကန္ဒြေတို့၌ လုံခြုံသော တံခါးရှိခြင်းနှင့် ပြည့်စုံ၏၊ ကောင်းစွာ ပြည့်စုံ၏။ပ။ ပြည့်စုံခြင်းသို့ ရောက်၏။ ထို့ကြောင့် "(မျက်စိစသော) က္ကန္ဒြေတို့၌ လုံခြုံသော တံခါးရှိ၏" ဟု ဆိုအပ်၏။

၅၁၈။ "စားဖွယ် 'ဘောဇဉ်' ၌ အတိုင်းအရှည်ကို သိ၏" ဟု ဆိုရာ၌ စားဖွယ်ဘောဇဉ်၌ အတိုင်းအရှည်ကို သိခြင်းသည် ရှိ၏၊ အတိုင်းအရှည်ကို မသိခြင်းသည် ရှိ၏။ စားဖွယ်ဘောဇဉ်၌ အတိုင်းအရှည်ကို မသိခြင်း ထိုတွင် စားဖွယ်ဘောဇဉ်၌ အတိုင်းအရှည်ကို မသိခြင်းသည် အဘယ်နည်း။ ဤသာသနာတော်၌ အချို့သော ရဟန်းသည် ပညာဖြင့် မဆင်ခြင်မူ၍ မသင့်သော အကြောင်းအားဖြင့် အာဟာရကို မှီဝဲ၏၊ မြူးထူးရန်၊ မာန်ယစ်ရန်၊ ကိုယ်လက်အင်္ဂါ ပြည့်ဖြိုးရန်၊ အရေအဆင်း တင့်တယ်လှပရန် အာဟာရကို မှီဝဲ၏၊ ထိုစားဖွယ်ဘောဇဉ်၌ အကြင် မရောင့်ရဲခြင်းသည် အတိုင်းအရှည် မသိခြင်းသည် ဉာဏ်ဖြင့် မဆင်ခြင်ခြင်းသည် ရှိ၏။ ဤသဘောကို စားဖွယ် 'ဘောဇဉ်' ၌ အတိုင်းအရှည်ကို မသိခြင်းဟု ဆိုအပ်၏။

စားဖွယ်ဘောဇဉ်၌ အတိုင်းအရှည်ကို သိခြင်းထိုတွင် စားဖွယ်ဘောဇဉ်၌ အတိုင်းအရှည်ကို သိခြင်းသည် အဘယ်နည်း။ ဤသာသနာတော်၌ အချို့သော ရဟန်းသည် သင့်သော အကြောင်းအားဖြင့် ပညာဖြင့် ဆင်ခြင်၍ အာဟာရကို မှီဝဲပါ၏၊ မြူးထူးရန် မဟုတ်ပါ၊ မာန်ယစ်ရန် မဟုတ်ပါ၊ ကိုယ်လက်အင်္ဂါ ပြည့်ဖြိုးရန် မဟုတ်ပါ၊ အရေအဆင်း တင့်တယ်လှပရန် မဟုတ်ပါ၊ ဤခန္ဓာကိုယ်၏ တည်တံ့ရန်သာ, မျှတရန်သာ, ဆာလောင်မွတ်သိပ်၍ ပင်ပန်းခြင်းကို ပယ်ဖျောက်ရန်သာ, အကျင့်မြတ်ကို ချီးမြှောက်ရန်သာ အာဟာရကို မှီဝဲပါ၏၊ ဤသို့ မှီဝဲခြင်းဖြင့် ဝေဒနာဟောင်းကိုလည်း ပယ်ဖျောက်အံ့၊ ဝေဒနာသစ်ကိုလည်း မဖြစ်စေအံ့၊ ငါ့အား မျှတခြင်းသည် လည်းကောင်း၊ အပြစ် မရှိခြင်းသည် လည်းကောင်း၊ ချမ်းသာစွာ နေရခြင်းသည် လည်းကောင်း ဖြစ်လတ္တံ့ဟု (ဆင်ခြင်၍) အာဟာရကို မှီဝဲ၏။ ထိုစားဖွယ် 'ဘောဇဉ်' ၌ အကြင် ရောင့်ရဲခြင်းသည် အတိုင်းအရှည်ကို သိခြင်းသည် ဉာဏ်ဖြင့် ဆင်ခြင်ခြင်းသည် ရှိ၏။ ဤသဘောကို စားဖွယ် 'ဘောဇဉ်' ၌ အတိုင်းအရှည်ကို သိခြင်းဟု ဆိုအပ်၏။ ဤဘောဇဉ်၌ အတိုင်းအရှည်ကို သိခြင်းနှင့် ပြည့်စုံ၏။ပ။ ပြည့်စုံခြင်းသို့ ရောက်၏။ ထို့ကြောင့် "စားဖွယ် 'ဘောဇဉ်' ၌ အတိုင်းအရှည်ကို သိ၏" ဟု ဆိုအပ်၏။

၅၁၉။ အဘယ်သို့လျှင် ရဟန်းသည် ညဉ့်ဦးယံ မိုးသောက်ယံပတ်လုံး နိုးနိုးကြားကြား အားထုတ်ခြင်း နှင့် မပြတ်ယှဉ်သနည်း။

နိုးနိုးကြားကြား အားထုတ်ခြင်း ဤသာသနာတော်၌ ရဟန်းသည် နေ့အချိန်ရှိသမျှ စင်္ကြံသွားခြင်းဖြင့် လည်းကောင်း၊ ထိုင်ခြင်းဖြင့် လည်းကောင်း ကုသိုလ်တရားတို့ကို ပိတ်ပင်တတ်သော တရားတို့မှ စိတ်ကို စင်ကြယ်စေ၏၊ ညဉ့်၏ ပဌမယာမ်ပတ်လုံး စင်္ကြံသွားခြင်းဖြင့် လည်းကောင်း၊ ထိုင်ခြင်းဖြင့် လည်းကောင်း ကုသိုလ်တရားတို့ကို ပိတ်ပင်တတ်သော တရားတို့မှ စိတ်ကို စင်ကြယ်စေ၏၊ ညဉ့်၏ မဇ္ဈိမယာမ်ပတ်လုံး ခြေတစ်ဖက်၌ ခြေတစ်ဖက်ကို အနည်းငယ်လွန်အောင် တင်ထား၍ အောက်မေ့ အမှတ်ရခြင်း 'သတိ' ကောင်းစွာ အပြားအားဖြင့် သိခြင်း 'သမ္ပဇဉ်' ရှိသည်ဖြစ်၍ ထအံ့သော အမှတ်ကို စိတ်၌ထား၍ လက်ျာနံပါးဖြင့် ခြင်္သေ့အိပ်နည်းဖြင့် အိပ်ခြင်းကို ပြု၏။ ညဉ့်၏ ပစ္ဆိမယာမ်ပတ်လုံး တစ်ဖန်ထ၍ စင်္ကြံသွားခြင်းဖြင့် လည်းကောင်း၊ ထိုင်ခြင်းဖြင့် လည်းကောင်း ကုသိုလ်တရားတို့ကို ပိတ်ပင်တတ်သော တရားတို့မှ စိတ်ကိုစင်ကြယ်စေ၏။ ဤသို့ ရဟန်းသည် ညဉ့်ဦးယံ မိုးသောက်ယံပတ်လုံး နိုးနိုးကြားကြား အားထုတ်ခြင်းနှင့် မပြတ်ယှဉ်၏။

၅၂၀။ "လုံ့လ" ဟူသည် အကြင်စိတ်၌ ဖြစ်သော အားထုတ်ခြင်း လုံ့လ'ဝီရိယာရမ္ဘ' တည်း။ပ။ ကောင်းစွာ အားထုတ်ခြင်း 'သမ္မာဝါယာမ' တည်း။

၅၂၁။ "ပညာ" ဟူသည် အကြင် အပြားအားဖြင့် သိမှု 'ပညာ'၊ အပြားအားဖြင့် သိသော အခြင်းအရာ 'ပဇာနနာ'။ပ။ မတွေဝေမှု 'အမောဟ'၊ သဘောတရားကို စိစစ်မှု 'ဓမ္မဝိစယ'၊ ကောင်းစွာ သိမြင်မှု 'သမ္မာဒိဋ္ဌိ' တည်း။

# ဈာနဝိဘင်္ဂ

## ဗောဓိပက္ခိယတရားများ

၅၂၂။ "ဗောဓိပက္ခိယတရားတို့ကို ပွါးများခြင်း၌ အားထုတ်ခြင်းနှင့် ယှဉ်၏" ဟူရာ၌ ဗောဓိပက္ခိယ တရားတို့ဟူသည် အဘယ်တို့နည်း။ အောက်မေ့မှု 'သတိသမ္ဗောဇ္ဈင်'၊ သဘောတရားတို့ကို စိစစ်မှု 'ဓမ္မဝိစယသမ္ဗောဇ္ဈင်'၊ အားထုတ်မှု 'ဝီရိယသမ္ဗောဇ္ဈင်'၊ နှစ်သက်မှု 'ပီတိသမ္ဗောဇ္ဈင်'၊ ငြိမ်းအေးမှု 'ပဿဒ္ဓိ သမ္ဗောဇ္ဈင်'၊ တည်ကြည်မှု 'သမာဓိသမ္ဗောဇ္ဈင်'၊ လျစ်လျူရှုမှု 'ဥပေက္ခာသမ္ဗောဇ္ဈင်' တို့သည်ကား ဗောဇ္ဈင် ခုနစ်ပါးတို့တည်း။ ဤတရားတို့ကို ဗောဓိပက္ခိယတရားတို့ဟု ဆိုအပ်ကုန်၏။ ဤသို့ ထိုဗောဓိပက္ခိယ တရားတို့ကို မှီဝဲ၏၊ ပွါးများ၏၊ အကြိမ်များစွာပြု၏၊ ထို့ကြောင့် "ဗောဓိပက္ခိယတရားတို့ကို ပွါးများခြင်း၌ အားထုတ်ခြင်းနှင့် ယှဉ်၏" ဟု ဆိုအပ်၏။

၅၂၃။ အဘယ်သို့လျှင် ရဟန်းသည် ရှေ့သို့ တက်ရာ နောက်သို့ ဆုတ်ရာ၌ ပညာဖြင့် ဆင်ခြင်၍ ပြုလေ့ရှိသနည်း။

တူရူကြည့်ရာ တစောင်းကြည့်ရာ၌ ပညာဖြင့် ဆင်ခြင်၍ ပြုလေ့ရှိသနည်း။

ကွေးရာ ဆန့်ရာ၌ ပညာဖြင့် ဆင်ခြင်၍ ပြုလေ့ရှိသနည်း။

ဒုကုဋ် သပိတ် သင်္ကန်းကို ဆောင်ရာ၌ ပညာဖြင့် ဆင်ခြင်၍ ပြုလေ့ရှိသနည်း။

စားရာ သောက်ရာ ခဲရာ လျက်ရာ၌ ပညာဖြင့် ဆင်ခြင်၍ ပြုလေ့ရှိသနည်း။

ကျင်ကြီး ကျင်ငယ်စွန့်ရာ၌ ပညာဖြင့် ဆင်ခြင်၍ ပြုလေ့ရှိသနည်း။

သွားရာ ရပ်ရာ ထိုင်ရာ အိပ်ရာ နိုးရာ ပြောဆိုရာ ဆိတ်ဆိတ်နေရာတို့၌ ပညာဖြင့် ဆင်ခြင်၍ ပြုလေ့ရှိသနည်း။

ဤသာသနာတော်၌ ရဟန်းသည် သတိ, ပညာဖြင့် အောက်မေ့ဆင်ခြင်၍ ရှေ့သို့ တက်၏၊ သတိ, ပညာဖြင့် အောက်မေ့ဆင်ခြင်၍ နောက်သို့ ဆုတ်၏၊ သတိ, ပညာဖြင့် အောက်မေ့ဆင်ခြင်၍ တူရူ ကြည့်၏၊ သတိ, ပညာဖြင့် အောက်မေ့ဆင်ခြင်၍ တစောင်းကြည့်၏၊ သတိ, ပညာဖြင့် အောက်မေ့ ဆင်ခြင်၍ ကွေး၏၊ သတိ, ပညာဖြင့် အောက်မေ့ဆင်ခြင်၍ ဆန့်၏၊ သတိရှိလျက် ပညာဖြင့် ဆင်ခြင် လျက် ပြုလေ့ရှိ၏၊ ဒုကုဋ် သပိတ် သင်္ကန်းကို ဆောင်ရာ၌ သတိရှိလျက် ပညာဖြင့် ဆင်ခြင်လျက် ပြုလေ့ရှိ၏၊ စားရာ သောက်ရာ ခဲရာ လျက်ရာ၌ သတိရှိလျက် ပညာဖြင့် ဆင်ခြင်လျက် ပြုလေ့ရှိ၏၊ ကျင်ကြီး ကျင်ငယ်စွန့်ရာ၌ သတိရှိလျက် ပညာဖြင့် ဆင်ခြင်လျက် ပြုလေ့ရှိ၏၊ သွားရာ ရပ်ရာ ထိုင်ရာအိပ်ရာ နိုးရာ ပြောဆိုရာ ဆိတ်ဆိတ်နေရာတို့၌ သတိရှိလျက် ပညာဖြင့် ဆင်ခြင်လျက် ပြုလေ့ရှိခြင်းတည်း။

၅၂၄။ ထိုတရားတို့တွင် အဘယ်သည် အောက်မေ့မှု 'သတိ' မည်သနည်း။

အကြင် အောက်မေ့မှု 'သတိ'၊ အထပ်ထပ် အောက်မေ့မှု 'အနုဿတိ'၊ တစ်ဖန် အောက်မေ့မှု 'ပဋိဿတိ'၊ သတိဟူသော အောက်မေ့မှု အခြင်းအရာ 'ပဋိဿရဏတာ'၊ ဆောင်ပုံ အခြင်းအရာ 'ဓာရဏတာ'၊ မပေ့ါဆမှု သဘော 'အပိလာပနတာ'၊ မမေ့ပျောက်မှု သဘော 'အသမ္မုဿနတာ'၊ ဥတိ ဟူသော အစိုးတရ အောက်မေ့မှု 'သတိန္ဒြေ' မတုန်မလှုပ် အောက်မေ့မှု 'သတိဗိုလ်'၊ ကောင်းစွာ အောက်မေ့မှု 'သမ္မာသတိ'သည် ရှိ၏။ ဤသဘောကို အောက်မေ့မှု 'သတိ' ဟု ဆိုအပ်၏။

၅၂၅။ "ပညာဖြင့် ဆင်ခြင်လျက်" ဟု ဆိုရာ၌ အဘယ်သည် ဆင်ခြင်ခြင်း 'ပညာ' မည်သနည်း။

အကြင် အပြားအားဖြင့် သိမှု 'ပညာ'၊ အပြားအားဖြင့် သိသော အခြင်းအရာ 'ပဇာနနာ'၊ စိစစ်မှု 'ဝိစယ'၊ ခွဲခြားစိစစ်မှု 'ပဝိစယ'၊ တရားကို စိစစ်မှု 'ဓမ္မဝိစယ'၊ ကောင်းစွာ မှတ်ခြင်း 'သလ္လက္ခဏာ'၊ ကပ်၍ မှတ်ခြင်း 'ဥပလက္ခဏာ'၊ ရှေးရှုကပ်၍ မှတ်ခြင်း 'ပစ္စုပလက္ခဏာ'၊ ပညာရှိဖြစ်ကြောင်း သဘော 'ပဏ္ဍိစ္စ'၊ လိမ္မာသူဖြစ်ကြောင်း သဘော 'ကောသလ္လ'၊ သိမ်မွေ့သူဖြစ်ကြောင်း သဘော 'နေပုည'၊ ဝေဖန်သူဖြစ်ကြောင်း သဘော 'ဝေဘဗျာ'၊ ကြံစည်ခြင်းသဘော 'စိန္တာ'၊ နှိုင်းချိန်ခြင်းသဘော 'ဥပပရိက္ခာ'၊ မြေကြီးနှင့်တူသော သဘော 'ဘူရီ'၊ မိုးကြိုးကဲ့သို့ ကိလေသာကို ဖျက်ဆီးသောသဘော 'မေဓာ'၊ ထိုးထွင်းသိမှု၌ ညွှတ်စေတတ်သော သဘော 'ပရိဏာယိကာ'၊ အထူးထူး ရှုမြင်တတ်သော သဘော 'ဝိပဿနာ'၊ ကောင်းစွာ အပြားအားဖြင့် သိခြင်းသဘော 'သမ္ပဇည'၊ နှင်တံနှင့် တူသောသဘော 'ပတောဒ'၊ ပညာဟူသော အစိုးတရ အပြားအားဖြင့် သိမှု 'ပညိန္ဒြေ'၊ မတုန်မလှုပ်သိမှု 'ပညာဗိုလ်'၊ ဓားနှင့် တူသော သိမှု 'ပညာသတ္ထ'၊ ပြာသာဒ်နှင့် တူသောသိမှု 'ပညာပါသာဒ'၊ အလင်းနှင့်တူသော သိမှု 'ပညာ အာလောက'၊ အရောင်နှင့်တူသော သိမှု 'ပညာ ဩဘာသ'၊ ဆီမီးနှင့်တူသော သိမှု 'ပညာပဇ္ဇောတ'၊ ရတနာနှင့်တူသော သိမှု 'ပညာရတနာ'၊ မတွေဝေမှု သဘော 'အမောဟ'၊ တရားကို စိစစ်မှု 'ဓမ္မဝိစယ'၊ ကောင်းစွာ သိမြင်မှု 'သမ္မာဒိဋ္ဌိ' သည် ရှိ၏။ ဤသဘောကို ဆင်ခြင်ခြင်း 'ပညာ' ဟု ဆိုအပ်၏။ ဤသို့ အောက်မေ့မှု သတိနှင့် လည်းကောင်း၊ ဆင်ခြင်မှု သမ္ပဇဉ်နှင့် လည်းကောင်း ပြည့်စုံ၏။ပ။ ပြည့်စုံခြင်းသို့ ရောက်၏။ ဤသို့ ရဟန်းသည် သတိ, ပညာဖြင့် အောက်မေ့ဆင်ခြင်၍ ရှေ့သို့ တက်၏၊ သတိ, ပညာဖြင့် အောက်မေ့ဆင်ခြင်၍ နောက်သို့ ဆုတ်၏၊ သတိ, ပညာဖြင့် အောက်မေ့ဆင်ခြင်၍ တူရူကြည့်၏၊ အောက်မေ့ ဆင်ခြင်၍ တစောင်းကြည့်၏၊ သတိ, ပညာဖြင့် အောက်မေ့ဆင်ခြင်၍ ကွေး၏၊ သတိ, ပညာဖြင့် အောက်မေ့ ဆင်ခြင်၍ ဆန့်၏၊ သတိရှိလျက် ပညာဖြင့် ဆင်ခြင်လျက် ပြုလေ့ရှိ၏၊ ဒုကုဋ် သပိတ် သင်္ကန်းကို ဆောင်ရာ၌ သတိရှိလျက် ပညာဖြင့် ဆင်ခြင်လျက် ပြုလေ့ရှိ၏၊ စားရာ သောက်ရာ ခဲရာ လျက်ရာ၌ သတိရှိလျက် ပညာဖြင့် ဆင်ခြင်လျက် ပြုလေ့ရှိ၏၊ ကျင်ကြီး ကျင်ငယ် စွန့်ရာ၌ သတိရှိလျက် ပညာဖြင့် ဆင်ခြင်လျက် ပြုလေ့ရှိ၏၊ သွားရာ ရပ်ရာ ထိုင်ရာ အိပ်ရာနိုးရာ ပြောဆိုရာ ဆိတ်ဆိတ် နေရာ၌ သတိရှိလျက် ပညာဖြင့် ဆင်ခြင်လျက် ပြုလေ့ရှိ၏။

၅၂၆။ "ဆိတ်ငြိမ်သောကျောင်း" ဟူသည်ကား ကျောင်းသည် (မြို့ရွာ) အနီး၌ ဖြစ်စေကာမူ ထိုကျောင်းသည် လူ ရဟန်းတို့နှင့် မရောပြွမ်း၊ ထို့ကြောင့် ထိုကျောင်းသည် ဆိတ်ငြိမ်၏။ ကျောင်းသည် (မြို့ရွာ) အဝေး၌ ဖြစ်စေကာမူ ထိုကျောင်းသည် လူ ရဟန်းတို့နှင့် မရောပြွမ်း၊ ထို့ကြောင့် ထိုကျောင်း သည် ဆိတ်ငြိမ်၏။

၅၂၇။ "ကျောင်း" ဟူရာ၌ ညောင်စောင်းသည်လည်း ကျောင်းမည်၏၊ အင်းပျဉ်သည်လည်း ကျောင်း မည်၏၊ ဘုံလျှိုသည်လည်း ကျောင်းမည်၏၊ အုံးသည်လည်း ကျောင်းမည်၏။ (အများခေါ်သော) ကျောင်းသည်လည်း ကျောင်းမည်၏၊ တစ်ဖက်မိုး ကျောင်းသည်လည်း ကျောင်းမည်၏၊ ပြာသာဒ်သည် လည်း ကျောင်းမည်၏။ ပြအိုး (ပစ်စင်) သည်လည်း ကျောင်းမည်၏၊ တန်ဆောင်းဝန်းသည်လည်း ကျောင်းမည်၏၊ လိုဏ်သည်လည်း ကျောင်းမည်၏၊ ဂူသည်လည်း ကျောင်းမည်၏၊ သစ်ပင်ရင်းသည် လည်း ကျောင်းမည်၏၊ ဝါးရုံသည်လည်း ကျောင်းမည်၏၊ အကြင်အရပ်၌လည်း ရဟန်းတို့သည် စည်းဝေး (လာရောက်) ကြကုန်၏။ ထိုအရပ် အလုံးစုံသည်လည်း ကျောင်းမည်၏။

၅၂၈။ "ဆိတ်ငြိမ်သော ကျောင်းကို မှီဝဲ၏" ဟူသည် ဤဆိတ်ငြိမ်သော ကျောင်းကို ဆည်းကပ်၏၊ ကောင်းစွာ ဆည်းကပ်၏၊ မှီဝဲ၏၊ အမြဲမှီဝဲ၏၊ ကောင်းစွာမှီဝဲ၏။ ထို့ကြောင့် "ဆိတ်ငြိမ်သော ကျောင်းကို မှီဝဲ၏" ဟု ဆိုအပ်၏။

၅၂၉။ "တော"ဟူသည်ကား (ရွာ) တံခါးခုံမှ ထွက်သော် ပြင်ပအရပ် အားလုံးသည် တောမည်၏။

၅၃၀။ "သစ်ပင်ရင်း" စသော စကားရပ်၌ သစ်ပင်ရင်းသည်ပင်လျှင် သစ်ပင်ရင်းတည်း၊ တောင် သည်ပင်လျှင် တောင်တည်း၊ ချောက်သည်ပင်လျှင် ချောက်တည်း၊ ကျောက်ဂူသည်ပင်လျှင် ကျောက်ဂူ

တည်း၊ သုသာန်သည်ပင်လျှင် သုသာန်တည်း၊ လွင်တီးခေါင်သည်ပင်လျှင် လွင်တီးခေါင်တည်း၊ ကောက်ရိုးပုံသည်ပင်လျှင် ကောက်ရိုးပုံတည်း။

၅၃၁။ "တောအုပ်" ဟူသော ဤအမည်သည် (ရပ်ရွာနှင့်) ဝေးသော ကျောင်းတို့၏ အမည်တည်း။ "တောအုပ်" ဟူသော ဤအမည်သည် တောအုပ်ကျောင်းတို့၏ အမည်တည်း။ "တောအုပ်" ဟူသော ဤအမည်သည် ကြောက်မက်ဖွယ် ကျောင်းတို့၏ အမည်တည်း။ "တောအုပ်" ဟူသော ဤအမည်သည် ကြက်သီးထဖွယ် ကျောင်းတို့၏ အမည်တည်း။ "တောအုပ်" ဟူသော ဤအမည်သည် အပိုင်းအခြားရှိသော တောကျောင်းတို့၏ အမည်တည်း။ "တောအုပ်" ဟူသော ဤအမည်သည် လူမနီးသော ကျောင်းတို့၏ အမည်တည်း။ "တောအုပ်" ဟူသော ဤအမည်သည် လူသာမန်တို့ နေနိုင်ခဲသော ကျောင်းတို့၏ အမည်တည်း။

၅၃၂။ "နည်းသော အသံရှိသော" ဟူရာ၌ ကျောင်းသည် (မြို့ရွာ) အနီး၌ ဖြစ်စေကာမူ ထိုကျောင်းသည် လူ ရဟန်းတို့နှင့် မရောပြွမ်း၊ ထို့ကြောင့် ထိုကျောင်းသည် နည်းသော အသံရှိ၏။ ကျောင်းသည် (မြို့ရွာ) အဝေး၌ ဖြစ်စေကာမူ ထိုကျောင်းသည် လူရဟန်းတို့နှင့် မရောပြွမ်း၊ ထို့ကြောင့် ထိုကျောင်းသည် နည်းသော အသံရှိ၏။

၅၃၃။ "ကျယ်လောင်သော အသံမရှိသော ကျောင်းစသည်" ဟူရာ၌ နည်းသော အသံရှိသော ကျောင်းသည်ပင် ကျယ်လောင်သော အသံမရှိသော ကျောင်းမည်၏။ ကျယ်လောင်သော အသံမရှိသော ကျောင်းသည်ပင် လှည့်လည်သွားလာသော လူတို့၏အနံ့မှ ကင်းသော ကျောင်းမည်၏။ လှည့်လည်သွားလာသော လူတို့၏ အနံ့မှ ကင်းသော ကျောင်းသည်ပင် လူတို့ တိတ်ဆိတ်သော ကျောင်းမည်၏။ လူတို့ တိတ်ဆိတ်သော ကျောင်းသည်ပင် တစ်ယောက်တည်း ကိန်းအောင်းရန် လျောက်ပတ်သော ကျောင်းမည်၏။

၅၃၄။ "တောသို့ ကပ်၍သော် လည်းကောင်း၊ သစ်ပင်ရင်းသို့ ကပ်၍သော် လည်းကောင်း၊ ဆိတ်ငြိမ်ရာသို့ ကပ်၍သော် လည်းကောင်း" ဟူရာ၌ တောသို့မူလည်း ကပ်၏၊ သစ်ပင်ရင်းသို့မူလည်း ကပ်၏၊ ဆိတ်ငြိမ်ရာသို့မူလည်း ကပ်၏။

၅၃၅။ "ထက်ဝယ်ဖွဲ့ခွေ၍ ထိုင်၏" ဟူသည် ထက်ဝယ်ဖွဲ့ခွေ၍ ထိုင်နေသည် ဖြစ်၏။

၅၃၆။ "ကိုယ်ကို ဖြောင့်မတ်စွာ ထားပြီးလျှင်" ဟူသည် ဖြောင့်ဖြောင့် မတ်မတ် ကိုယ်ကို တည်ထား၏။

၅၃၇။ "ကမ္မဋ္ဌာန်းသို့ ရှေးရှု သတိကို ဖြစ်စေ၍" ဟူရာ၌ အဘယ်သည် အောက်မေ့မှု 'သတိ' မည်သနည်း။

အကြင် အောက်မေ့မှု 'သတိ'၊ အထပ်ထပ်အောက်မေ့မှု 'အနုဿတိ'၊ တစ်ဖန် အောက်မေ့မှု 'ပဋိဿတိ' ။ပ။

ကောင်းစွာ အောက်မေ့မှု 'သမ္မာသတိ' သည် ရှိ၏။ ဤသဘောကို "သတိ" ဟု ဆိုအပ်၏။ ဤသတိကို နှာခေါင်းဖျား၌သော် လည်းကောင်း၊ အထက်နှုတ်ခမ်း အလယ်၌သော် လည်းကောင်း ဖြစ်စေ၏၊ ကောင်းစွာ ဖြစ်စေ၏။ ထို့ကြောင့် "ကမ္မဋ္ဌာန်းသို့ ရှေးရှုသတိကို ဖြစ်စေ၍" ဟု ဆိုအပ်၏။

၅၃၈။ "ဥပါဒါနက္ခန္ဓာဟူသော လောက၌ တပ်မက်မှု 'အဘိဇ္ဈာ' ကို ပယ်၍" ဟူရာ၌ အဘယ်သည် တပ်မက်မှု 'အဘိဇ္ဈာ' မည်သနည်း။

အကြင်တပ်မက်မှု 'ရာဂ'၊ ပြင်းစွာ တပ်မက်မှု 'သာရာဂ'။ပ။ စိတ်၏ ပြင်းစွာ တပ်မက်မှု 'စိတ္တဿာရာဂ' သည် ရှိ၏။ ဤသဘောကို တပ်မက်မှု 'အဘိဇ္ဈာ' ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် "လောက" မည်သနည်း။

ဥပါဒါန်၏ အာရုံဖြစ်သော ခန္ဓာ 'ဥပါဒါနက္ခန္ဓာ' ငါးပါးတို့သည် "လောက" မည်၏။ ဤသဘောကို "လောက" ဟု ဆိုအပ်၏။

ဤတပ်မက်မှု "အဘိဇ္ဈာ" သည် ဤဥပါဒါနက္ခန္ဓာဟူသော လောက၌ ငြိမ်း၏၊ ငြိမ်းခြင်းသို့ ရောက်၏၊ အထူးငြိမ်း၏၊ ချုပ်ခြင်းသို့ ရောက်၏၊ အလွန်ချုပ်ခြင်းသို့ ရောက်၏၊ ပျက်စီး၏၊ အထူးပျက်စီး၏၊ ခြောက်သွေ့၏၊ အထူးခြောက်သွေ့၏၊ ကင်းခြင်းကို ပြု၏။ ထို့ကြောင့် "(ဥပါဒါနက္ခန္ဓာဟူသော) လောက၌ တပ်မက်မှု 'အဘိဇ္ဈာ' ကို ပယ်၍" ဟု ဆိုအပ်၏။

၅၃၉။ "တပ်မက်မှု 'အဘိဇ္ဈာ' ကင်းသော စိတ်ဖြင့်" ဟူရာ၌ အဘယ်သည် "စိတ်" မည်သနည်း။

အကြင် ဆန်းကြယ်မှု 'စိတ္တ'၊ သိခြင်းသဘော 'မန'၊ သိမှု သဘော 'မာနသ'။ပ။ ထိုစိတ်အား လျော်သော အထူးသိမှု သဘော 'တဇ္ဇာမနောဝိညာဏဓာတ်' သည် ရှိ၏။ ဤသဘောကို စိတ်ဟု ဆိုအပ်၏။

ဤစိတ်သည် တပ်မက်မှု 'အဘိဇ္ဈာ' ကင်း၏။ ထို့ကြောင့် "တပ်မက်မှု 'အဘိဇ္ဈာ' ကင်းသော စိတ်ဖြင့်" ဟု ဆိုအပ်၏။

၅၄၀။ "(ဝိဟရတိ) နေ၏" ဟူသည် ဣရိယာပုထ်လေးပါးနှင့် ပြည့်စုံ၏၊ ဖြစ်၏၊ စောင့်စေ၏၊ မျှတ၏၊ မျှတစေ၏၊ ကျင့်၏၊ ဣရိယာပုထ် တစ်ပါးဖြင့် ဣရိယာပုထ် တစ်ပါးကို ဖြတ်လျက် ဆောင်၏။ ထို့ကြောင့်"(ဝိဟရတိ) နေ၏" ဟု ဆိုအပ်၏။

၅၄၁။ "တပ်မက်မှု 'အဘိဇ္ဈာ' မှ စိတ်ကို စင်ကြယ်စေ၏" ဟူရာ၌ အဘယ်သည် တပ်မက်မှု 'အဘိဇ္ဈာ' မည်သနည်း။

အကြင် တပ်မက်မှု 'ရာဂ'၊ ပြင်းစွာ တပ်မက်မှု 'သာရာဂ'။ပ။ စိတ်၏ ပြင်းစွာ တပ်မက်မှု 'စိတ္တဿသာရာဂ' သည် ရှိ၏။ ဤသဘောကို တပ်မက်မှု 'အဘိဇ္ဈာ' ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် "စိတ်" မည်သနည်း။

အကြင် ဆန်းကြယ်ခြင်း သဘော 'စိတ္တ'၊ သိခြင်းသဘော 'မန'၊ သိမှု သဘော 'မာနသ'။ပ။ ထိုစိတ်အားလျော်သော အထူးသိမှုသဘော 'တဇ္ဇာမနောဝိညာဏဓာတ်' သည် ရှိ၏။ ဤသဘောကို "စိတ်" ဟု ဆိုအပ်၏။ ဤစိတ်ကို ဤတပ်မက်မှု 'အဘိဇ္ဈာ' မှ စင်ကြယ်စေ၏၊ အထူးစင်ကြယ်စေ၏၊ ထက်ဝန်းကျင် စင်ကြယ်စေ၏၊ လွတ်စေ၏၊ အထူးလွတ်စေ၏၊ ထက်ဝန်းကျင် လွတ်စေ၏။ ထို့ကြောင့် "တပ်မက်မှု 'အဘိဇ္ဈာ' မှ စိတ်ကို စင်ကြယ်စေ၏" ဟု ဆိုအပ်၏။

၅၄၂။ "ပျက်စီးစေလိုမှု 'ဒေါသ' ကို ပယ်၍" ဟူရာ၌ ပျက်စီးစေလိုမှု 'ဗျာပါဒ' သည် ရှိ၏၊ ပြစ်မှားမှု 'ပဒေါသ' သည် ရှိ၏။ ထိုနှစ်မျိုးတို့တွင် အဘယ်သည် ပျက်စီးစေလိုမှု 'ဗျာပါဒ' မည်သနည်း။

အကြင် စိတ်၏ ရန်ငြိုးဖွဲ့မှု 'အာဃာတ'၊ လွန်စွာ ရန်ငြိုးဖွဲ့မှု 'ပဋိဃာတ'၊ အာရုံ၌ ထိပါးမှု 'ပဋိဃ'၊ ဆန့်ကျင်ဘက် သဘော 'ပဋိဝိရောဓ'၊ အမျက်ထွက်ခြင်း 'ကောပ'၊ လွန်စွာ အမျက်ထွက်ခြင်း 'ပကောပ'၊ အလွန်ပြင်းစွာ အမျက်ထွက်ခြင်း 'သမ္ပကောပ'၊ ပြစ်မှားခြင်း 'ဒေါသ'၊ အလွန်ပြစ်မှားခြင်း 'ပဒေါသ'၊ အလွန်ပြင်းစွာ ပြစ်မှားခြင်း 'သမ္ပဒေါသ'၊ စိတ်၏ ဖောက်ပြန်ခြင်းသဘော 'စိတ္တဿဗျာပတ္တိ'၊ စိတ်ပျက်စီးခြင်း သဘော 'မနောပဒေါသ'၊ အမျက်ထွက်ခြင်း သဘော 'ကောဓ'၊ အမျက်ထွက်သော အခြင်းအရာ 'ကုဇ္ဈနာ'၊ အမျက်ထွက်တတ်သော သူ၏အဖြစ် 'ကုဇ္ဈိတတ္တ'၊ ပြစ်မှားခြင်းသဘော 'ဒေါသ'၊ ပြစ်မှားသော အခြင်းအရာ 'ဒုဿနာ'၊ ပြစ်မှားသောသူ၏ အဖြစ် 'ဒုဿိတတ္တ'၊ ဖောက်ပြန်ခြင်းသဘော 'ဗျာပတ္တိ'၊ ဗဖာက်ပြန်သော အခြင်းအရာ 'ဗျာပဇ္ဇနာ'၊ ဖောက်ပြန်တတ်သည်၏ အဖြစ် 'ဗျာပဇ္ဇိတတ္တ'၊ ဆန့်ကျင်ဘက်သဘော 'ဝိရောဓ'၊ လွန်စွာ ဆန့်ကျင်ဘက်သဘော 'ပဋိဝိရောဓ'၊ ကြမ်းတမ်းသော

သဘော 'စဏ္ဍိက္က'၊ မကောင်းသဖြင့် ပြောဆိုခြင်း 'အသုရောပ'၊ ့ကတိစိတ် မဟုတ်ခြင်း သဘော 'အနတ္တမနတာ' သည် ရှိ၏။ ဤသဘောကို ပျက်စီးစေလိုမှု 'ဗျာပါဒ' ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် ပြစ်မှားမှု 'ပဒေါသ' မည်သနည်း။

ပျက်စီးစေလိုမှု 'ဗျာပါဒ' သည် ပြစ်မှားမှု 'ပဒေါသ' မည်၏။ ပြစ်မှားမှု 'ပဒေါသ' သည် ပျက်စီးစေလိုမှု 'ဗျာပါဒ' မည်၏။ ဤသို့ ဤပျက်စီးစေလိုမှု 'ဗျာပါဒ' သည် လည်းကောင်း၊ ဤပြစ်မှားမှု 'ပဒေါသ' သည် လည်းကောင်း ငြိမ်းကုန်၏၊ ငြိမ်းခြင်းသို့ ရောက်ကုန်၏၊ အထူးငြိမ်းကုန်၏၊ ချုပ်ခြင်းသို့ ရောက်ကုန်၏၊ အလွန်ချုပ်ခြင်းသို့ ရောက်ကုန်၏၊ ပျက်စီးကုန်၏၊ အထူးပျက်စီးကုန်၏၊ ခြောက်သွေ့ကုန်၏၊ အထူးခြောက်သွေ့ကုန်၏၊ ကင်းခြင်းကို ပြုအပ်ကုန်၏။ ထို့ကြောင့် "ပျက်စီးစေလိုမှု 'ဒေါသ' ကို ပယ်၍" ဟု ဆိုအပ်၏။

၅၄၃။ "မပျက်စီးစေလိုသော စိတ်ရှိသည်ဖြစ်၍" ဟူရာ၌ အဘယ်သည် "စိတ်" မည်သနည်း။

အကြင် ဆန်းကြယ်မှုသဘော 'စိတ္တ'၊ သိမှု သဘော 'မန'၊ သိခြင်းသဘော 'မာနသ'။ပ။ ထိုစိတ်အားလျော်သော အထူးသိမှု သဘော 'တဇ္ဇာမနောဝိညာဏဓာတ်' သည် ရှိ၏။ ဤသဘောကို စိတ်ဟု ဆိုအပ်၏။ ဤစိတ်သည် မပျက်စီးစေလိုသောစိတ် ဖြစ်၏။ ထို့ကြောင့် 'မပျက်စီးစေလိုသော စိတ်ရှိသည် ဖြစ်၍' ဟု ဆိုအပ်၏။

၅၄၄။ "နေ၏" ဟူရာ၌။ပ။ ထို့ကြောင့် "နေ၏" ဟု ဆိုအပ်၏။

၅၄၅။ "ပျက်စီးစေလိုသော ဒေါသမှ စိတ်ကို စင်ကြယ်စေ၏" ဟူရာ၌ ပျက်စီးစေလိုမှု 'ဗျာပါဒ' သည် ရှိ၏။ ပြစ်မှားမှု 'ပဒေါသ' သည် ရှိ၏။ ထိုတွင် အဘယ်သည် ပျက်စီးစေလိုမှု 'ဗျာပါဒ' မည်သနည်း။

အကြင် စိတ်၏ ရန်ငြိုးဖွဲ့မှု 'အာဃာတ'။ပ။ ကြမ်းတမ်းမှုသဘော 'စဏ္ဍိက္က'၊ မကောင်းသဖြင့် ပြောဆိုခြင်း 'အသုရောပ'၊ ကတိစိတ် မဟုတ်ခြင်းသဘော 'အနတ္တမနတာ' သည် ရှိ၏။ ဤသဘောကို ပျက်စီးစေလိုမှု 'ဗျာပါဒ' ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် ပြစ်မှားမှု 'ပဒေါသ' မည်သနည်း။

ပျက်စီးစေလိုမှု 'ဗျာပါဒ' သည် ပြစ်မှားမှု 'ပဒေါသ' မည်၏။ ပြစ်မှားမှု 'ပဒေါသ' သည် ပျက်စီးစေလိုမှု 'ဗျာပါဒ' မည်၏။ ထိုတွင် အဘယ်သည် "စိတ်" မည်သနည်း။

အကြင် ဆန်းကြယ်မှု သဘော 'စိတ္တ'၊ သိခြင်းသဘော 'မန'၊ သိမှု သဘော 'မာနသ'။ပ။ ထိုစိတ်အားလျော်သော အထူးသိမှု သဘော 'တဇ္ဇာမနောဝိညာဏဓာတ်' သည် ရှိ၏။ ဤသဘောကို "စိတ်" ဟု ဆိုအပ်၏။ ဤစိတ်ကို ဤပျက်စီးစေလိုမှု 'ဒေါသ'မှ စင်ကြယ်စေ၏၊ အထူးစင်ကြယ်စေ၏၊ ထက်ဝန်းကျင် စင်ကြယ်စေ၏၊ လွတ်စေ၏၊ အထူးလွတ်စေ၏၊ ထက်ဝန်းကျင်လွတ်စေ၏။ ထို့ကြောင့် "ပျက်စီးစေလိုမှု 'ဒေါသ' မှ စိတ်ကို စင်ကြယ်စေ၏" ဟု ဆိုအပ်၏။

၅၄၆။ "လေးလံထိုင်းမှိုင်းခြင်း 'ထိနမိဒ္ဓ' ကို ပယ်၍" ဟူရာ၌ ထိုင်းခြင်းသည် ရှိ၏၊ မှိုင်းခြင်းသည် ရှိ၏။ ထိုတွင် အဘယ်သည် "ထိုင်းခြင်း" မည်သနည်း။

အကြင် စိတ်၏ မခံ့ကျန်းမှု 'အကလျတာ'၊ အမှုကိစ္စ၌ မဆောင်ရွက်နိုင်မှု 'အကမ္မညတာ'၊ ပျင်းရိခြင်း၌ ငြိတွယ်ပုံ အခြင်းအရာ 'ဩလီယနာ'၊ ငြိကပ်ပုံ အခြင်းအရာ 'သလ္လီယနာ'၊ တွန့်ဆုတ်ခြင်းသဘော 'လီန'၊ တွန့်ဆုတ်ပုံ အခြင်းအရာ 'လီယနာ'၊ တွန့်ဆုတ်တတ်သည်၏ အဖြစ် 'လီယိတတ္တ'၊ စိတ်၏ လေးလံမှုသဘော 'ထိန'၊ စိတ်၏ လေးလံသော အခြင်းအရာ 'ထိယနာ'၊ စိတ်၏ လေးလံသည်၏ အဖြစ် 'ထိယိတတ္တ' သည် ရှိ၏။ ဤသဘောကို ထိုင်းခြင်းဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် "မှိုင်းခြင်း" မည်သနည်း။

အကြင် စေတသိက်၏ မခံ့ကျန်းမှု 'အကလျတာ'၊ အမှုကိစ္စ၌ မဆောင်ရွက်နိုင်မှု 'အကမ္မညတာ'၊ မြှေးယှက်ခြင်း သဘော 'ဩနာဟ'၊ ထက်ဝန်းကျင် မြှေးယှက်ခြင်းသဘော 'ပရိယောနာဟ'၊ အတွင်း၌ ပိတ်ဆို့ခြင်းသဘော 'အန္တောသမောရောဓ'၊ မှိုင်းခြင်းသဘော 'မိဒ္ဓ'၊ အိပ်ခြင်းသဘော 'သုပ္ပ'၊ ငိုက်မျဉ်းခြင်း သဘော 'ပစလာယိကာ'၊ အိပ်မှု သဘော 'သုပ္ပ'၊ အိပ်သော အခြင်းအရာ 'သုပ္ပနာ'၊ အိပ်သည်၏ အဖြစ် 'သုပ္ပိတတ္တ'သည် ရှိ၏။ ဤသဘောကို မှိုင်းခြင်းဟု ဆိုအပ်၏။ ဤသို့ ဤထိုင်းခြင်းသည် လည်းကောင်း၊ ဤမှိုင်းခြင်းသည် လည်းကောင်း ငြိမ်းကုန်၏၊ ငြိမ်းခြင်းသို့ ရောက်ကုန်၏၊ အထူးငြိမ်းကုန်၏၊ ချုပ်ခြင်းသို့ ရောက်ကုန်၏၊ အလွန်ချုပ်ခြင်းသို့ ရောက်ကုန်၏၊ ပျက်စီးကုန်၏၊ အထူးပျက်စီးကုန်၏၊ ခြောက်သွေ့ကုန်၏၊ အထူးခြောက်သွေ့ကုန်၏၊ ကင်းခြင်းကို ပြုအပ်ကုန်၏။ ထို့ကြောင့် "လေးလံထိုင်းမှိုင်းမှု 'ထိနမိဒ္ဓ' ကို ပယ်၍" ဟု ဆိုအပ်၏။

၅၄၇။ "လေးလံထိုင်းမှိုင်းခြင်း 'ထိနမိဒ္ဓ' မှ ကင်းသည်ဖြစ်၍' ဟူရာ၌ ထိုစိတ်စေတသိက်တို့၏ ထိုင်းမှိုင်းခြင်းကို စွန့်ခြင်းကြောင့်၊ အန်ခြင်းကြောင့်၊ လွတ်ခြင်းကြောင့်၊ ပယ်ခြင်းကြောင့်၊ အထပ်ထပ် စွန့်ခြင်း ကြောင့်၊ ပယ်၍ အထပ်ထပ် စွန့်ခြင်းကြောင့်။ ထို့ကြောင့် "ထိုင်းမှိုင်းခြင်း 'ထိနမိဒ္ဓ' မှကင်းသည်ဖြစ်၍" ဟု ဆိုအပ်၏။

၅၄၈။ "နေ၏" ဟူသည်။ပ။ ထို့ကြောင့် "နေ၏" ဟု ဆိုအပ်၏။

၅၄၉။ "အလင်းရောင်ဟူသော အမှတ်သညာရှိသည်ဖြစ်၍" ဟူရာ၌ အဘယ်သည် အမှတ် 'သညာ' မည်သနည်း။

အကြင် မှတ်သားမှု 'သညာ'၊ မှတ်သားသော အခြင်းအရာ 'သဉ္ဇာနနာ'၊ မှတ်သားတတ်သည်၏ အဖြစ် 'သဉ္ဇာနိတတ္တ'သည် ရှိ၏။ ဤသဘောကို မှတ်သားမှု 'သညာ' ဟု ဆိုအပ်၏။

ဤမှတ်သားမှု 'သညာ' သည် လင်း၏၊ ပွင့်၏၊ ထက်ဝန်းကျင် စင်ကြယ်၏၊ ထက်ဝန်းကျင် တောက်ပ၏။ ထို့ကြောင့် "အလင်းရောင်ဟူသော အမှတ် 'သညာ' ရှိသည်ဖြစ်၍" ဟု ဆိုအပ်၏။

၅၅၀။ "အောက်မေ့မှု 'သတိ'၊ ကောင်းစွာ အပြားအားဖြင့် သိမှု 'သမ္ပဇည' နှင့် ပြည့်စုံလျက်" ဟူရာ၌ အဘယ်သည် အောက်မေ့မှု 'သတိ' မည်သနည်း။

အကြင် အောက်မေ့မှု 'သတိ'၊ အထပ်ထပ် အောက်မေ့မှု 'အနုဿတိ'။ပ။ ကောင်းစွာ အောက်မေ့မှု 'သမ္မာသတိ' သည် ရှိ၏။ ဤသဘောကို အောက်မေ့မှု 'သတိ' ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် ကောင်းစွာ အပြားအားဖြင့်သိမှု 'သမ္ပဇည' မည်သနည်း။

အကြင် အပြားအားဖြင့် သိမှု 'ပညာ'၊ သိသောအခြင်းအရာ 'ပဇာနနာ'။ပ။ မတွေဝေမှု 'အမောဟ'၊ သဘောတရားကို စိစစ်မှု 'ဓမ္မဝိစယ'၊ ကောင်းစွာ သိမြင်မှု 'သမ္မာဒိဋ္ဌိ' သည် ရှိ၏။ ဤသဘောကို 'ပညာ' ဟု ဆိုအပ်၏။ ဤသို့ ဤသတိနှင့် လည်းကောင်း၊ ဤပညာနှင့် လည်းကောင်း ပြည့်စုံ၏။ပ။

ပြည့်စုံခြင်းသို့ ရောက်၏။ ထို့ကြောင့် "အောက်မေ့မှု 'သတိ' ကောင်းစွာ အပြားအားဖြင့် သိမှု 'သမ္ပဇည' နှင့် ပြည့်စုံလျက်" ဟု ဆိုအပ်၏။

၅၅၁။ လေးလံထိုင်းမှိုင်းမှု 'ထိနမိဒ္ဓ' မှ စိတ်ကို စင်ကြယ်စေ၏" ဟု ဆိုရာ၌ စိတ်၏ ထိုင်းမှုသည် ရှိ၏။ စေတသိက်တို့၏ မှိုင်းမှုသည် ရှိ၏။ ထိုတွင် အဘယ်သည် "စိတ်၏ ထိုင်းမှု" မည်သနည်း။

။ပ။ ဤသဘောကို "စိတ်၏ ထိုင်းမှု" ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် "စေတသိက်တို့၏ မှိုင်းမှု" မည်သနည်း။

။ပ။ ဤသဘောကို "စေတသိက်တို့၏ မှိုင်းမှု" ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် "စိတ်" မည်သနည်း။

။ပ။ ဤသဘောကို စိတ်ဟု ဆိုအပ်၏။ ဤစိတ်ကို ဤလေးလံထိုင်းမှိုင်းမှု 'ထိနမိဒ္ဓ' မှ စင်ကြယ်စေ၏၊ အထူးစင်ကြယ်စေ၏၊ ထက်ဝန်းကျင် စင်ကြယ်စေ၏၊ လွတ်စေ၏၊ အထူးလွတ်စေ၏၊ ထက်ဝန်းကျင် လွတ်စေ၏။ ထို့ကြောင့် "လေးလံထိုင်းမှိုင်းခြင်း 'ထိနမိဒ္ဓ' မှ စိတ်ကို စင်ကြယ်စေ၏" ဟု ဆိုအပ်၏။

၅၅၂။ "ပျံ့လွင့်မှု 'ဥဒ္ဓစ္စ'၊ ဗနာင်တတစ်ဖန် ပူပန်မှု 'ကုက္ကုစ္စ'ကို ပယ်၍" ဟူရာ၌ ပျံ့လွင့်မှု 'ဥဒ္ဓစ္စ' သည် ရှိ၏၊ နောင်တ တစ်ဖန် ပူပန်မှု 'ကုက္ကုစ္စ' သည် ရှိ၏။ ထိုတွင် အဘယ်သည် ပျံ့လွင့်မှု 'ဥဒ္ဓစ္စ' မည်သနည်း။

အကြင် စိတ်၏ ပျံ့လွင့်မှု 'ဥဒ္ဓစ္စ'၊ မငြိမ်သက်မှု 'အဝူပသမ'၊ စိတ်၏ ဖရိုဖရဲ ပျံ့လွင့်မှု 'စေတသော ဝိက္ခေပ' စိတ်၏ တုန်လှုပ်မှု 'ဘန္တတ္တ' သည် ရှိ၏။ ဤသဘောကို ပျံ့လွင့်မှု 'ဥဒ္ဓစ္စ' ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် နောင်တတစ်ဖန်ပူပန်မှု 'ကုက္ကုစ္စ' မည်သနည်း။

မအပ်သည်၌ အပ်၏ဟု မှတ်ထင်ခြင်း၊ အပ်သည်၌ မအပ်ဟုမှတ်ထင်ခြင်း၊ အပြစ်မရှိသည်၌ အပြစ်ရှိ၏ဟု မှတ်ထင်ခြင်း၊ အပြစ်ရှိသည်၌ အပြစ်မရှိဟု မှတ်ထင်ခြင်းသည် ရှိ၏။ ဤသို့ သဘောရှိသော အကြင် နောင်တ တစ်ဖန်ပူပန်မှု 'ကုက္ကုစ္စ'၊ နောင်တ တစ်ဖန် ပူပန်သော အခြင်းအရာ 'ကုက္ကုစ္စာယနာ'၊ နောင်တတစ်ဖန် ပူပန်တတ်သည်၏ အဖြစ် 'ကုက္ကုစ္စာယိတတ္တ'၊ စိတ်နှလုံးမသာယာမှု 'ဝိပ္ပဋိသာရ'၊ စိတ်နှလုံး၌ ရေးခြစ်မှု 'မနောဝိလေခ' သည် ရှိ၏။ ဤသဘောကို နောင်တတစ်ဖန် ပူပန်မှု 'ကုက္ကုစ္စ' ဟု ဆိုအပ်၏။ ဤသို့ ဤစိတ်၏ ပျံ့လွင့်မှု 'ဥဒ္ဓစ္စ' သည် လည်းကောင်း၊ ဤနောင်တတစ်ဖန် ပူပန်မှု 'ကုက္ကုစ္စ' သည် လည်းကောင်း ငြိမ်းကုန်၏၊ ငြိမ်းခြင်းသို့ ရောက်ကုန်၏၊ ငြိမ်သက်ကုန်၏၊ ချုပ်ခြင်းသို့ ရောက်ကုန်၏၊ အလွန်ချုပ်ခြင်းသို့ ရောက်ကုန်၏၊ ပျက်စီးကုန်၏၊ အထူးပျက်စီးကုန်၏၊ ခြောက်သွေ့ကုန်၏၊ အထူးခြောက်သွေ့ကုန်၏၊ ကင်းခြင်းကို ပြုအပ်ကုန်၏။ ထို့ကြောင့် "စိတ်၏ ပျံ့လွင့်မှု 'ဥဒ္ဓစ္စ'၊ နောင်တတစ်ဖန် ပူပန်မှု 'ကုက္ကုစ္စ' ကို ပယ်၍" ဟု ဆိုအပ်၏။

၅၅၃။ "မပျံ့လွင့်သည်ဖြစ်၍" ဟူသည် ထိုစိတ်၏ ပျံ့လွင့်မှု 'ဥဒ္ဓစ္စ'၊ နောင်တ တစ်ဖန်ပူပန်မှု 'ကုက္ကုစ္စ'ကို စွန့်ခြင်းကြောင့်၊ အန်ခြင်းကြောင့်၊ လွတ်ခြင်းကြောင့်၊ ပယ်ခြင်းကြောင့်၊ တစ်ဖန်စွန့်ခြင်း ကြောင့် ပယ်၍ တစ်ဖန်စွန့်ခြင်းကြောင့်။ ထို့ကြောင့် "မပျံ့လွင့်သည်ဖြစ်၍" ဟု ဆိုအပ်၏။

၅၅၄။ "နေ၏" ဟူသည်။ပ။ ထို့ကြောင့် "နေ၏" ဟု ဆိုအပ်၏။

"မိမိသန္တာန်၌" ဟူသည် ကိုယ်ကို စွဲ၍ဖြစ်သော အရာတည်း"[၁]

၅၅၅။ "ငြိမ်သက်သော စိတ်ရှိသည်ဖြစ်၍" ဟူရာ၌ အဘယ်သည် "စိတ်" မည်သနည်း။

အကြင် ဆန်းကြယ်မှု 'စိတ္တ'၊ သိခြင်းသဘော 'မန'၊ သိမှု သဘော 'မာနသ'။ပ။ ထိုစိတ်အားလျော် သော အထူးသိမှု သဘော 'တဇ္ဇာမနောဝိညာဏဓာတ်' သည် ရှိ၏။ ဤသဘောကို 'စိတ်' ဟု ဆိုအပ်၏။ ဤမိမိသန္တာန်၌ ဖြစ်သော စိတ်သည် ငြိမ်း၏၊ ငြိမ်းခြင်းသို့ ရောက်၏၊ ငြိမ်သက်၏။ ထို့ကြောင့် "မိမိ သန္တာန်၌ ငြိမ်သက်သော စိတ်ရှိသည်ဖြစ်၍" ဟု ဆိုအပ်၏။

၅၅၆။ "ပျံ့လွင့်မှု 'ဥဒ္ဓစ္စ'၊ နောင်တ တစ်ဖန် ပူပန်မှု 'ကုက္ကုစ္စ' မှ စိတ်ကို စင်ကြယ်စေ၏" ဟူရာ၌ ပျံ့လွင့်မှု 'ဥဒ္ဓစ္စ' ည် ရှိ၏၊ နောင်တ တစ်ဖန် ပူပန်မှု 'ကုက္ကုစ္စ' သည် ရှိ၏။ ထိုတွင် အဘယ်သည် ပျံ့လွင့်မှု 'ဥဒ္ဓစ္စ' မည်သနည်း။

အကြင် စိတ်၏ ပျံ့လွင့်မှု 'ဥဒ္ဓစ္စ'၊ မငြိမ်သက်မှု 'အဝူပသမ'၊ စိတ်၏ ဖရိုဖရဲ ပျံ့လွင့်မှု 'စေတသော ဝိက္ခေပ'၊ စိတ်၏ တုန်လှုပ်မှု 'ဘန္တတ္တ' သည် ရှိ၏။ ဤသဘောကို ပျံ့လွင့်မှု 'ဥဒ္ဓစ္စ' ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် နောင်တ တစ်ဖန် ပူပန်မှု 'ကုက္ကုစ္စ' မည်သနည်း။

။ပ။ ဤသဘောကို နောင်တ တစ်ဖန် ပူပန်မှု 'ကုက္ကုစ္စ' ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် "စိတ်" မည်သနည်း။

။ပ။ ဤသဘောကို "စိတ်"ဟု ဆိုအပ်၏။ ဤစိတ်ကို ဤပျံ့လွင့်မှု 'ဥဒ္ဒစ္စ' နောင်တ တစ်ဖန် ပူပန်မှု 'ကုက္ကုစ္စ' မှ စင်ကြယ်စေ၏၊ အထူးစင်ကြယ်စေ၏၊ ထက်ဝန်းကျင် စင်ကြယ်စေ၏၊ လွတ်စေ၏၊ အထူး လွတ်စေ၏၊ ထက်ဝန်းကျင် လွတ်စေ၏။ ထို့ကြောင့် "ပျံ့လွင့်မှု 'ဥဒ္ဒစ္စ' နောင်တတစ်ဖန် ပူပန်မှု 'ကုက္ကုစ္စ' မှ စိတ်ကို စင်ကြယ်စေ၏" ဟု ဆိုအပ်၏။

၅၅၇။ "ယုံမှားမှု 'ဝိစိကိစ္ဆာ' ကိုပယ်၍" ဟူရာ၌ အဘယ်သည် ယုံမှားမှု 'ဝိစိကိစ္ဆာ' မည်သနည်း။

အကြင် ယုံမှားမှု 'ကင်္ခါ'၊ ယုံမှားသော အခြင်းအရာ 'ကင်္ခါယနာ'၊ ယုံမှားတတ်သည်၏ အဖြစ် 'ကင်္ခါယိတတ္တ'၊ တွေးတောမှု 'ဝိမတိ'၊ မဆုံးဖြတ်နိုင်မှု 'ဝိစိကိစ္ဆာ'၊ နှလုံးနှစ်ခွဖြစ်မှု 'ဒွေဠှက'၊ လမ်းနှစ်ခွ ဖြစ်မှု 'ဒွိဓာပထ'၊ မဝေခွဲနိုင်မှု 'သံသယ'၊ တသမတ်တည်း မယူနိုင်မှု 'အနေကံသဂ္ဂါဟ'၊ ရွေ့ရှားတတ်မှု 'အာသပ္ပနာ'၊ ထက်ဝန်းကျင် ရွေ့ရှားမှု 'ပရိသပ္ပနာ'၊ ထက်ဝန်းကျင် မသက်ဝင်နိုင်မှု 'အပရိယောဂါဟဏာ'၊ စိတ်ခက်တရော်ရှိမှု 'ဆမ္ဘိတတ္တ'၊ စိတ်နှလုံး၌ ရေးခြစ်မှု 'မနောဝိလေခ' သည် ရှိ၏၊ ဤသဘောကို ယုံမှားမှု 'ဝိစိကိစ္ဆာ' ဟု ဆိုအပ်၏။ ဤယုံမှားမှု 'ဝိစိကိစ္ဆာ' သည် ငြိမ်း၏၊ ငြိမ်းခြင်းသို့ ရောက်၏၊ ငြိမ်သက်၏၊ ချုပ်ခြင်းသို့ ရောက်၏၊ အလွန်ချုပ်ခြင်းသို့ ရောက်၏၊ ပျက်စီး၏၊ အထူးပျက်စီး ၏၊ ခြောက်သွေ့၏၊ အထူးခြောက်သွေ့၏၊ ကင်းခြင်းကို ပြုအပ်၏။ ထို့ကြောင့် "ယုံမှားမှု 'ဝိစိကိစ္ဆာ' ကို ပယ်၍" ဟု ဆိုအပ်၏။

၅၅၈။ "ယုံမှားမှု 'ဝိစိကိစ္ဆာ' ကို လွန်မြောက်၍" ဟူရာ၌ ဤယုံမှားမှု 'ဝိစိကိစ္ဆာ' ကို ကူးမြောက်၏၊ လွန်မြောက်၏၊ ထွက်မြောက်၏၊ ကမ်းတစ်ဖက်သို့ ရောက်၏၊ ကမ်းတစ်ဖက်သို့ ဆိုက်၏။ ထို့ကြောင့် "ယုံမှားမှု 'ဝိစိကိစ္ဆာ' ကို လွန်မြောက်၍" ဟု ဆိုအပ်၏။

၅၅၉။ "ကုသိုလ်တရားတို့၌ သို့လော သို့လော မရှိသည်ဖြစ်၍" ဟူသည် ဤယုံမှားမှု 'ဝိစိကိစ္ဆာ' ဖြင့် ကုသိုလ်တရားတို့၌ မယုံမှား၊ သံသယမရှိ၊ သို့လော သို့လော မဖြစ်၊ သို့လော သို့လော မရှိ၊ သို့လော သို့လော ဖြစ်မှုမှ ကင်း၏။ ထို့ကြောင့် "ကုသိုလ်တရားတို့၌ သို့လော သို့လော မရှိသည် ဖြစ်၍" ဟု ဆိုအပ်၏။

၅၆၀။ "ယုံမှားမှု 'ဝိစိကိစ္ဆာ' မှ စိတ်ကို စင်ကြယ်စေ၏" ဟူရာ၌ အဘယ်သည် ယုံမှားမှု 'ဝိစိကိစ္ဆာ' မည်သနည်း။

အကြင် ယုံမှားမှု 'ကင်္ခါ'၊ ယုံမှားသောအခြင်းအရာ 'ကင်္ခါယနာ'၊ ယုံမှားတတ်သည်၏ အဖြစ် 'ကင်္ခါယိတတ္တ'။ပ။[၂] စိတ်ခက်တရော်ရှိမှု 'ဆမ္ဘိတတ္တ'၊ စိတ်နှလုံး၌ ရေးခြစ်မှု 'မနောဝိလေခ' သည် ရှိ၏၊ ဤသဘောကို ယုံမှားမှု 'ဝိစိကိစ္ဆာ' ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် "စိတ်" မည်သနည်း။

အကြင် ဆန်းကြယ်မှု 'စိတ္တ'၊ သိခြင်းသဘော 'မန'၊ သိမှု သဘော 'မာနသ'။ပ။ ထိုစိတ်အား လျော်သော အထူးသိမှု သဘော "တဇ္ဇာမနောဝိညာဏဓာတ်" သည် ရှိ၏။ ဤသဘောကို "စိတ်" ဟု ဆိုအပ်၏။

ဤစိတ်ကို ယုံမှားမှု 'ဝိစိကိစ္ဆာ' မှ စင်ကြယ်စေ၏၊ အထူးစင်ကြယ်စေ၏၊ ထက်ဝန်းကျင် စင်ကြယ် စေ၏၊ လွတ်စေ၏၊ အထူးလွတ်စေ၏၊ ထက်ဝန်းကျင်လွတ်စေ၏။ ထို့ကြောင့် "ယုံမှားမှု 'ဝိစိကိစ္ဆာ' မှ စိတ်ကို စင်ကြယ်စေ၏" ဟု ဆိုအပ်၏။

၅၆၁။ "ဤနီဝရဏ ငါးပါးတို့ကို ပယ်၍" ဟူရာ၌ ဤနီဝရဏ ငါးပါးတို့သည် ငြိမ်းကုန်၏၊ ငြိမ်းခြင်းသို့ ရောက်ကုန်၏၊ ငြိမ်သက်ကုန်၏၊ ချုပ်ခြင်းသို့ ရောက်ကုန်၏၊ အလွန်ချုပ်ခြင်းသို့ ရောက်

ကုန်၏၊ ပျက်စီးကုန်၏၊ အထူးပျက်စီးကုန်၏၊ ခြောက်သွေ့ကုန်၏၊ အထူးခြောက်သွေ့ကုန်၏၊ ကင်းခြင်းကို ပြုအပ်ကုန်၏။ ထို့ကြောင့် “ဤနီဝရဏငါးပါးတို့ကို ပယ်၍” ဟု ဆိုအပ်၏။

၅၆၂။ “စိတ်ကို ညစ်နွမ်းစေတတ် ကုန်သော” ဟူရာ၌ ဤနီဝရဏငါးပါးတို့သည် စိတ်ကို ညစ်နွမ်းစေတတ်ကုန်၏။

၅၆၃။ “ပညာကို အားနည်းအောင် ပြုတတ်ကုန်သော” ဟူရာ၌ ဤနီဝရဏငါးပါးတို့ကြောင့် မဖြစ်သေးသော ပညာသည် မဖြစ်ပေါ်၊ ဖြစ်ပြီးသော ပညာသည်လည်း ချုပ်၏။ ထို့ကြောင့် “ပညာကို အားနည်းအောင် ပြုတတ်ကုန်သော” ဟု ဆိုအပ်၏။

၅၆၄။ “ကာမတို့မှ ကင်းဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ကင်းဆိတ်၍သာလျှင်” ဟူရာ၌ အဘယ်တရားတို့သည် “ကာမ” မည်ကုန်သနည်း။

ကာမဂုဏ်ကို လိုချင်မှု ‘ဆန္ဒ’ သည် ကာမမည်၏၊ တပ်မက်မှု ‘ရာဂ’သည် ကာမမည်၏၊ လိုချင်တပ်မက်မှု ‘ဆန္ဒရာဂ’ သည် ကာမမည်၏၊ (ပုံသဏ္ဌာန်နိမိတ်စသည်ကို) ကြံစည်မှု ‘သင်္ကပ္ပ’ သည် ကာမမည်၏၊ တပ်မက်မှု ‘ရာဂ’ သည် ကာမမည်၏၊ ကြံစည် တပ်မက်မှု ‘သင်္ကပ္ပရာဂ’ သည် ကာမမည်၏။ ဤတရားတို့ကို “ကာမ” ဟု ဆိုအပ်ကုန်၏။ ထို၌ အဘယ်တရားတို့သည် “အကုသိုလ်” မည်ကုန်သနည်း။

ပြင်းစွာလိုချင်မှု ‘ကာမစ္ဆန္ဒ’၊ ပျက်စီးစေလိုမှု ‘ဗျာပါဒ’၊ စိတ်စေတသိက်တို့၏ ထိုင်းမှိုင်းမှု ‘ထိနမိဒ္ဓ’၊ ပျံ့လွင့်မှု ‘ဥဒ္ဓစ္စ’၊ နောင်တ တစ်ဖန်ပူပန်မှု ‘ကုက္ကုစ္စ’၊ ယုံမှားမှု ‘ဝိစိကိစ္ဆာ’။ ဤတရားတို့ကို အကုသိုလ်တို့ဟု ဆိုအပ်ကုန်၏။ ဤသို့ ဤကာမတို့မှ လည်းကောင်း၊ ဤအကုသိုလ်တရားတို့မှ လည်းကောင်း ကင်းဆိတ်၏။ ထို့ကြောင့် “ကာမတို့မှ ကင်းဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ကင်းဆိတ်၍သာလျှင်” ဟု ဆိုအပ်၏။

၁။ (*) ဆဋ္ဌမူပါဠိတော်၌ အဇ္ဈတ္တပုဒ်အဖွင့် မပါပါ၊ ကျနေဟန်တူသည်။
၂။ ဤကင်္ခါယိတတ္တနောက်၌ ပေယျာလ ရှိသင့်သည်၊ ဆဋ္ဌမူပါဠိတော်၌ ကျသည်ဟု ထင်သည်။

# ဈာနဝိဘင်္ဂ

## ၁ - ပဌမဈာန်အဖွင့်

၅၆၅။ "ကြံစည်မှု 'ဝိတက်' နှင့်တကွဖြစ်သော သုံးသပ်မှု 'ဝိစာရ' နှင့်တကွဖြစ်သော" ဟူရာ၌ ကြံစည်မှု 'ဝိတက်' သည် ရှိ၏၊ သုံးသပ်မှု 'ဝိစာရ' သည် ရှိ၏။ ထိုတွင် အဘယ်သည် ကြံစည်မှု 'ဝိတက်' မည် သနည်း။

အကြင် ကြံစည်မှု 'တက္က'၊ အထူးကြံစည်မှု 'ဝိတက္က'၊ ကောင်းစွာ ကြံစည်မှု 'သင်္ကပ္ပ'၊ စိတ်ကို အာရုံသို့ ရောက်စေမှု 'အပ္ပနာ'၊ အထူးရောက်စေမှု 'ဗျပ္ပနာ'၊ စိတ်ကို အာရုံသို့ ရှေးရှုတင်ပေးမှု 'စေတသော အဘိနိရောပနာ'၊ ကောင်းစွာ ကြံစည်မှု 'သမ္မာသင်္ကပ္ပ' သည် ရှိ၏၊ ဤသဘောကို ကြံစည်မှု 'ဝိတက်' ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် သုံးသပ်မှု 'ဝိစာရ' မည်သနည်း။

အကြင် သုံးသပ်မှု 'စာရ'၊ အထူးသုံးသပ်မှု 'ဝိစာရ'၊ အထပ်ထပ် အထူးသုံးသပ်မှု 'အနုဝိစာရ'၊ ကပ်၍ အထူးသုံးသပ်မှု 'ဥပဝိစာရ'၊ စိတ်ကိုအာရုံနှင့် ဆက်စပ်၍ထားမှု 'အနုသန္ဓနတာ'၊ အစဉ်မပြတ် ကြည့်ရှုမှု 'အနုပေက္ခနတာ' သည် ရှိ၏။ ဤသဘောကို သုံးသပ်မှု 'ဝိစာရ' ဟု ဆိုအပ်၏။ ဤသို့ ဤကြံစည်မှု 'ဝိတက်' နှင့်လည်းကောင်း၊ ဤသုံးသပ်မှု 'ဝိစာရ' နှင့်လည်းကောင်း ပြည့်စုံ၏။ပ။ ပြည့်စုံခြင်းသို့ ရောက်၏။ ထို့ကြောင့် "ကြံစည်မှု 'ဝိတက်' နှင့်တကွဖြစ်သော သုံးသပ်မှု 'ဝိစာရ' နှင့် တကွ ဖြစ်သော" ဟု ဆိုအပ်၏။

၅၆၆။ "နီဝရဏ ကင်းဆိတ်ခြင်းကြောင့်ဖြစ်သော" ဟူရာ၌ ကြံစည်မှု 'ဝိတက်'၊ သုံးသပ်မှု 'ဝိစာရ'၊ နှစ်သက်မှု 'ပီတိ'၊ ချမ်းသာမှု 'သုခ'၊ စိတ်၏ တည်ကြည်မှု 'ဧကဂ္ဂတာ' တို့သည် ရှိကုန်၏။ ထိုတရားတို့ သည် ဤ (နီဝရဏ) ကင်းခြင်းကြောင့် ဖြစ်ကုန်၏၊ ကောင်းစွာ ဖြစ်ကုန်၏၊ ဖြစ်ပေါ်ကုန်၏၊ အသစ် ဖြစ်ပေါ်ကုန်၏၊ ထင်ရှားဖြစ်ကုန်၏။ ထို့ကြောင့် "နီဝရဏကင်းဆိတ်ခြင်းကြောင့်ဖြစ်သော" ဟု ဆိုအပ် ၏။

၅၆၇။ "နှစ်သက်မှု 'ပီတိ' ချမ်းသာမှု 'သုခ' ရှိသော" ဟူရာ၌ နှစ်သက်မှု 'ပီတိ' သည် ရှိ၏။ ချမ်းသာမှု 'သုခ' သည် ရှိ၏။ ထိုတွင် အဘယ်သည် နှစ်သက်မှု 'ပီတိ' မည်သနည်း။

အကြင် နှစ်သက်မှု 'ပီတိ'၊ ဝမ်းမြောက်မှု 'ပါမောဇ္ဇ'၊ လွန်စွာဝမ်းသာမှု 'အာမောဒနာ'၊ များစွာ ဝမ်းသာမှု 'ပမောဒနာ'၊ ရွှင်လန်းမှု 'ဟာသ'၊ များစွာ ရွှင်လန်းမှု 'ပဟာသ'၊ နှစ်သိမ့်မှု 'ဝိတ္တိ'၊ တက်ကြွမှု 'ဩဒဂျ'၊ စိတ်၏ နှစ်လိုမှု 'အတ္တမနတာ' သည် ရှိ၏။ ဤသဘောကို နှစ်သက်မှု 'ပီတိ' ဟု ဆိုအပ်၏။ ထိုတွင် အဘယ်သည် ချမ်းသာမှု 'သုခ' မည်သနည်း။

အကြင် စိတ်၌ မှီသော သာယာမှု 'စေတသိကသာတ'၊ စိတ်၌ မှီသော ချမ်းသာမှု 'စေတသိကသုခ'၊ စိတ်၏ တွေ့ထိမှု ကြောင့်ဖြစ်သော သာယာမှု ချမ်းသာမှုကို ခံစားခြင်း၊ စိတ်၏ တွေ့ထိမှုကြောင့် ဖြစ် သော သာယာမှု ချမ်းသာမှုကို ခံစားသော အခြင်းအရာသည် ရှိ၏။ ဤသဘောကို ချမ်းသာမှု 'သုခ' ဟု ဆိုအပ်၏။ ဤချမ်းသာမှု 'သုခ' သည် ဤနှစ်သက်မှု 'ပီတိ' နှင့်တကွ အဖြစ်သို့ ရောက်၏၊ တကွဖြစ်၏၊ နှီးနှော၏၊ ယှဉ်၏။ ထို့ကြောင့် "နှစ်သက်မှု 'ပီတိ' ချမ်းသာမှု 'သုခ' ရှိသော" ဟု ဆိုအပ်၏။

၅၆၈။ "ပဌမ" ဟူရာ၌ ဤဈာန်သည် အရေအတွက် အစဉ်အားဖြင့်လည်း ပဌမမည်၏၊ ရှေးဦးစွာ ဝင်စားအပ်သောကြောင့်လည်း ပဌမမည်၏။

၅၆၉။ "ဈာန်" ဟူသည် ကြံစည်မှု 'ဝိတက်'၊ သုံးသပ်မှု 'ဝိစာရ'၊ နှစ်သက်မှု 'ပီတိ'၊ ချမ်းသာမှု 'သုခ'၊ စိတ်တည်ကြည်မှု 'ဧကဂ္ဂတာ' တို့တည်း။

၅၇၀။ "ရောက်၍" ဟူသည် ပဌမဈာန်ကို ရခြင်းတည်း၊ အထပ်ထပ်ရခြင်းတည်း၊ ရောက်ခြင်းတည်း၊ ကောင်းစွာ ရောက်ခြင်းတည်း၊ တွေ့ထိခြင်းတည်း၊ မျက်မှောက်ပြုခြင်းတည်း၊ ပြည့်စုံခြင်းတည်း။

၅၇၁။ "နေ၏" ဟူသည်။ပ။ ထို့ကြောင့် "နေ၏" ဟု ဆိုအပ်၏။

# ဈာနဝိဘင်္ဂ

## ၂ - ဒုတိယဈာန်အဖွင့်

၅၇၂။ "ကြံစည်မှု 'ဝိတက်' သုံးသပ်မှု 'ဝိစာရ' ချုပ်ငြိမ်းခြင်းကြောင့်" ဟူရာ၌ ကြံစည်မှု 'ဝိတက်' သည် ရှိ၏၊ သုံးသပ်မှု 'ဝိစာရ' သည် ရှိ၏။ ထိုတွင် အဘယ်သည် ကြံစည်မှု 'ဝိတက်' မည်သနည်း။

အကြင် ကြံစည်မှု 'တက္က'၊ အထူးကြံစည်မှု 'ဝိတက္က'။ပ။ ကောင်းစွာ ကြံစည်မှု 'သမ္မာသင်္ကပ္ပ' သည် ရှိ၏၊ ဤသဘောကို ကြံစည်မှု 'ဝိတက်' ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် သုံးသပ်မှု 'ဝိစာရ' မည်သနည်း။

အကြင် သုံးသပ်မှု 'စာရ'၊ အထူးသုံးသပ်မှု 'ဝိစာရ'၊ အထပ်ထပ် အထူးသုံးသပ်မှု 'အနုဝိစာရ'၊ ့ပ်၍ အထူးသုံးသပ်မှု 'ဥပဝိစာရ'၊ ဏိတ်ကို အာရုံနှင့်ဆက်စပ်မှု 'အနုသန္ဓနတာ'၊ အထပ်ထပ် ကပ်၍ ရှုမှု 'အနုပေက္ခနတာ' သည် ရှိ၏။ ဤသဘောကို သုံးသပ်မှု 'ဝိစာရ' ဟု ဆိုအပ်၏။ ဤသို့ ဤကြံစည်မှု 'ဝိတက်' သည် လည်းကောင်း၊ ဤသုံးသပ်မှု 'ဝိစာရ' သည် လည်းကောင်း ငြိမ်းကုန်၏၊ ငြိမ်းခြင်းသို့ ရောက်ကုန်၏၊ ငြိမ်သက်ကုန်၏၊ ချုပ်ခြင်းသို့ ရောက်ကုန်၏၊ အလွန်ချုပ်ခြင်းသို့ ရောက်ကုန်၏၊ ပျက်စီးကုန်၏၊ အထူးပျက်စီးကုန်၏၊ ခြောက်သွေ့ကုန်၏၊ အထူးခြောက်သွေ့ကုန်၏၊ ကင်းခြင်းကို ပြုအပ်ကုန်၏။ ထို့ကြောင့် "ကြံစည်မှု 'ဝိတက်' သုံးသပ်မှု 'ဝိစာရ' တို့၏ ချုပ်ငြိမ်းခြင်းကြောင့်" ဟု ဆိုအပ်၏။

၅၇၃။ "မိမိကိုယ်၌" ဟူသည် မိမိသန္တာန်၌ ၊ မိမိအတ္တဘော၌။

၅၇၄။ "ကြည်လင်စေတတ်သော" ဟူသည် ယုံကြည်မှု 'သဒ္ဓါ'၊ ယုံကြည်သော အခြင်းအရာ 'သဒ္ဒဟနာ'၊ သက်ဝင်မှု 'ဩကပ္ပနာ'၊ အလွန်ကြည်လင်မှု 'အဘိပ္ပသာဒ' တည်း။

၅၇၅။ "စိတ်၏ တည်ကြည်ခြင်း 'သမာဓိ' ကို ဖြစ်ပွါးစေတတ်သော" ဟူသည် စိတ်၏ တည်တံ့မှု 'ဌိတိ'။ပ။ ကောင်းစွာ တည်ကြည်မှု 'သမ္မာသမာဓိ' တည်း။

၅၇၆။ "ကြံစည်မှု 'ဝိတက်'၊ သုံးသပ်မှု 'ဝိစာရ' မရှိသော" ဟူရာ၌ ကြံစည်မှု 'ဝိတက်' သည် ရှိ၏၊ သုံးသပ်မှု 'ဝိစာရ' သည် ရှိ၏။ ထိုတွင် အဘယ်သည် ကြံစည်မှု 'ဝိတက်' မည်သနည်း၊ အကြင် ကြံစည်မှု 'တက္က'၊ အထူးကြံစည်မှု 'ဝိတက္က'။ပ။ ကောင်းစွာ ကြံစည်မှု 'သမ္မာသင်္ကပ္ပ' သည် ရှိ၏၊ ဤသဘောကို ကြံစည်မှု 'ဝိတက်' ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် သုံးသပ်မှု 'ဝိစာရ' မည်သနည်း။

အကြင်သုံးသပ်မှု 'စာရ'၊ အထပ်ထပ် သုံးသပ်မှု 'အနုစာရ'၊ အထူးသုံးသပ်မှု 'ဝိစာရ'၊ အထပ်ထပ် အထူးသုံးသပ်မှု 'အနုဝိစာရ'၊ ကပ်၍ အထူးသုံးသပ်မှု 'ဥပဝိစာရ'၊ စိတ်ကို အာရုံနှင့် ဆက်စပ်မှု 'အနုသန္ဓနတာ'၊ အထပ်ထပ်ကပ်၍ ရှုမှု 'အနုပေက္ခနတာ' သည် ရှိ၏။ ဤသဘောကို သုံးသပ်မှု 'ဝိစာရ' ဟု ဆိုအပ်၏။ ဤသို့ ဤကြံစည်မှု 'ဝိတက်' သည် လည်းကောင်း၊ ဤသုံးသပ်မှု 'ဝိစာရ' သည် လည်းကောင်း ငြိမ်းကုန်၏၊ ငြိမ်းခြင်းသို့ ရောက်ကုန်၏၊ ငြိမ်သက်ကုန်၏၊ ချုပ်ခြင်းသို့ ရောက်ကုန်၏၊ အလွန်ချုပ်ခြင်းသို့ ရောက်ကုန်၏၊ ပျက်စီးကုန်၏၊ အထူးပျက်စီးကုန်၏၊ ခြောက်သွေ့ကုန်၏၊ အထူးခြောက်သွေ့ကုန်၏၊ ကင်းခြင်းကို ပြုအပ်ကုန်၏။ ထို့ကြောင့် "ကြံစည်မှု 'ဝိတက်' သုံးသပ်မှု 'ဝိစာရ' မရှိသော" ဟု ဆိုအပ်၏။

၅၇၇။ "တည်ကြည်ခြင်း "သမာဓိ" ကြောင့်ဖြစ်သော" ဟူရာ၌ ကြည်လင်မှု 'သဒ္ဓါ'၊ နှစ်သက်မှု 'ပီတိ'၊ ချမ်းသာမှု 'သုခ'သည် ရှိ၏။ ထိုသဒ္ဓါ, ပီတိ, သုခတို့သည် ဤဒုတိယဈာန်၌ ပဌမဈာန် သမာဓိကြောင့် ဖြစ်ကုန်၏၊ ကောင်းစွာဖြစ်ကုန်၏၊ ဖြစ်ပေါ်ကုန်၏၊ အသစ်ဖြစ်ပေါ်ကုန်၏၊ ထင်ရှားဖြစ်ကုန်၏။ ထို့ကြောင့် "တည်ကြည်ခြင်း 'သမာဓိ' ကြောင့်ဖြစ်သော" ဟု ဆိုအပ်၏။

၅၇၈။ "နှစ်သက်မှု 'ပီတိ' ချမ်းသာမှု 'သုခ' ရှိသော" ဟူရာ၌ နှစ်သက်မှု 'ပီတိ' သည် ရှိ၏။ ချမ်းသာမှု 'သုခ' သည် ရှိ၏။ ထိုတွင် အဘယ်သည် နှစ်သက်မှု 'ပီတိ' မည်သနည်း။

။ပ။ ဤသဘောကို နှစ်သက်မှု 'ပီတိ' ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် ချမ်းသာမှု 'သုခ' မည်သနည်း။

။ပ။ ဤသဘောကို ချမ်းသာမှု 'သုခ' ဟု ဆိုအပ်၏။ ဤချမ်းသာမှု 'သုခ' သည် ဤနှစ်သက်မှု 'ပီတိ' နှင့်တကွ အဖြစ်သို့ ရောက်၏၊ တကွဖြစ်၏၊ နှီးနှော၏၊ ယှဉ်၏။ ထို့ကြောင့် "နှစ်သက်မှု 'ပီတိ' ချမ်းသာမှု 'သုခ' ရှိသော" ဟု ဆိုအပ်၏။

၅၇၉။ "ဒုတိယ" ဟူရာ၌ ဤဈာန်သည် အရေအတွက် အစဉ်အားဖြင့်လည်း ဒုတိယ မည်၏၊ နှစ်ကြိမ်မြောက် ဝင်စားအပ်သောကြောင့်လည်း ဒုတိယ မည်၏။

၅၈၀။ "ဈာန်" ဟူသည် ကြည်လင်မှု 'သဒ္ဓါ'၊ နှစ်သက်မှု 'ပီတိ'၊ ချမ်းသာမှု 'သုခ'၊ စိတ်၏ တည်ကြည်မှု 'ဧကဂ္ဂတာ' တို့တည်း။

၅၈၁။ "ရောက်၍" ဟူသည် ဒုတိယဈာန်ကို ရခြင်းတည်း၊ အထပ်ထပ် ရခြင်းတည်း၊ ရောက်ခြင်းတည်း၊ ကောင်းစွာ ရောက်ခြင်းတည်း၊ တွေ့ထိခြင်းတည်း၊ မျက်မှောက်ပြုခြင်းတည်း၊ ပြည့်စုံခြင်းတည်း။

၅၈၂။ "နေ၏" ဟူသည်။ပ။ ထို့ကြောင့် "နေ၏" ဟု ဆိုအပ်၏။

# ဈာနဝိဘင်္ဂ

## ၃ - တတိယဈာန်အဖွင့်

၅၈၃။ “နှစ်သက်မှု ‘ပီတိ’ ကိုလည်း မတပ်မက်ခြင်းကြောင့်” ဟူရာ၌ အဘယ်သည် နှစ်သက်မှု ‘ပီတိ’ မည်သနည်း။

အကြင် နှစ်သက်မှု ‘ပီတိ’၊ ဝမ်းမြောက်မှု ‘ပါမောဇ္ဇ’၊ လွန်စွာဝမ်းသာမှု ‘အာမောဒနာ’၊ များစွာဝမ်းသာမှု ‘ပမောဒနာ’၊ ရွှင်လန်းမှု ‘ဟာသ’၊ များစွာရွှင်လန်းမှု ‘ပဟာသ’၊ နှစ်သိမ့်မှု ‘ဝိတ္တိ’၊ တက်ကြွမှု ‘ဩဒဂျ’၊ စိတ်၏ နှစ်လိုမှု ‘အတ္တမနတာ’ သည် ရှိ၏။ ဤသဘောကို နှစ်သက်မှု ‘ပီတိ’ ဟု ဆိုအပ်၏။

ဤ နှစ်သက်မှု ‘ပီတိ’ သည် ငြိမ်း၏၊ ငြိမ်းခြင်းသို့ ရောက်၏၊ ငြိမ်သက်၏၊ ချုပ်ခြင်းသို့ ရောက်၏၊ အလွန်ချုပ်ခြင်းသို့ ရောက်၏၊ ပျက်စီး၏၊ အထူးပျက်စီး၏၊ ခြောက်သွေ့၏၊ အထူးခြောက်သွေ့၏၊ ကင်းခြင်းကို ပြုအပ်၏။ ထို့ကြောင့် “နှစ်သက်မှု ‘ပီတိ’ ကိုလည်း မတပ်မက်ခြင်းကြောင့်” ဟု ဆိုအပ်၏။

၅၈၄။ “လျစ်လျူရှုလျက်သာလျှင်”ဟူရာ၌ အဘယ်သည် လျစ်လျူရှုမှု ‘ဥပေက္ခာ’ မည်သနည်း။

အကြင် လျစ်လျူရှုမှု ‘ဥပေက္ခာ’၊ လျစ်လျူရှုသော အခြင်းအရာ ‘ဥပေက္ခနာ’၊ အလွန်လျစ်လျူရှုသော အခြင်းအရာ ‘အဇ္ဈုပေက္ခနာ’၊ စိတ်၏ အလယ်အလတ်ဖြစ်ခြင်း ‘မဇ္ဈတ္တတာ’ သည် ရှိ၏။ ဤသဘောကို လျစ်လျူရှုမှု ‘ဥပေက္ခာ’ ဟု ဆိုအပ်၏။ ဤလျစ်လျူရှုမှု ‘ဥပေက္ခာ’ နှင့် ပြည့်စုံ၏။ပ။ ပြည့်စုံခြင်းသို့ ရောက်၏။ ထို့ကြောင့် “လျစ်လျူရှုလျက်သာလျှင်” ဟု ဆိုအပ်၏။

၅၈၅။ “နေ၏” ဟူသည်။ပ။ ထို့ကြောင့် “နေ၏” ဟု ဆိုအပ်၏။

၅၈၆။ “အောက်မေ့မှု ‘သတိ’ ကောင်းစွာအပြားအားဖြင့် သိမှု ‘သမ္ပဇဉ်’ နှင့် ပြည့်စုံသည် ဖြစ်၍” ဟူရာ၌ အဘယ်သည် အောက်မေ့ခြင်း ‘သတိ’ မည်သနည်း။

အကြင် အောက်မေ့မှု ‘သတိ’၊ အထပ်ထပ် အောက်မေ့မှု ‘အနုဿတိ’။ပ။ ကောင်းစွာ အောက်မေ့မှု ‘သမ္မာသတိ’ သည် ရှိ၏။ ဤသဘောကို အောက်မေ့မှု ‘သတိ’ ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် ကောင်းစွာ အပြားအားဖြင့် သိမှု ‘သမ္ပဇဉ်’ မည်သနည်း။

အကြင် အပြားအားဖြင့် သိမှု ‘ပညာ’၊ အပြားအားဖြင့် သိသော အခြင်းအရာ ‘ပဇာနနာ’။ပ။

မတွေဝေမှု ‘အမောဟ’၊ သဘောတရားကို စိစစ်မှု ‘ဓမ္မဝိစယ’၊ ကောင်းစွာ သိမြင်မှု ‘သမ္မာဒိဋ္ဌိ’ သည် ရှိ၏။

ဤသဘောကို ကောင်းစွာ အပြားအားဖြင့် သိမှု ‘သမ္ပဇဉ်’ ဟု ဆိုအပ်၏။ ဤသို့ ဤသတိနှင့်လည်းကောင်း၊ ဤသမ္ပဇဉ်နှင့် လည်းကောင်း ပြည့်စုံ၏။ပ။ ပြည့်စုံခြင်းသို့ ရောက်၏။ ထို့ကြောင့် “အောက်မေ့မှု ‘သတိ’ ကောင်းစွာ အပြားအားဖြင့် သိမှု ‘သမ္ပဇဉ်’ နှင့် ပြည့်စုံသည်ဖြစ်၍” ဟု ဆိုအပ်၏။

၅၈၇။ “ချမ်းသာမှု ‘သုခ’ ကိုလည်း ကိုယ်ဖြင့် ခံစား၏” ဟူရာ၌ အဘယ်သည် ချမ်းသာမှု ‘သုခ’ မည်သနည်း။

အကြင် စိတ်၌ ဖြစ်သော သာယာမှု ၊ စိတ်၌ ဖြစ်သော ချမ်းသာမှု ၊ စိတ်အတွေ့ကြောင့်ဖြစ်သော သာယာမှု ချမ်းသာမှုကို ခံစားခြင်း၊ စိတ်အတွေ့ကြောင့် ဖြစ်သော သာယာမှု ချမ်းသာမှုကို ခံစားသော အခြင်းအရာသည် ရှိ၏။ ဤသဘောကို ချမ်းသာခြင်း ‘သုခ’ ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် ‘ကိုယ်’ မည်သနည်း။

မှတ်သားမှု အစု 'သညာက္ခန္ဓာ'၊ ပြုပြင်မှု အစု 'သင်္ခါရက္ခန္ဓာ'၊ သိမှု အစု 'ဝိညာဏက္ခန္ဓာ' သည် ရှိ၏။ ဤသဘောကို ကိုယ်ဟု ဆိုအပ်၏။ ဤချမ်းသာခြင်း သုခကို ဤကိုယ် (နာမကာယ) ဖြင့် ခံစား၏။ ထို့ကြောင့် "ချမ်းသာခြင်း သုခကိုလည်း ကိုယ်ဖြင့် ခံစား၏" ဟု ဆိုအပ်၏။

၅၈၈။ "အရိယာပုဂ္ဂိုလ်တို့သည် အကြင် တတိယစျာန်ကြောင့် ထိုသူကို ချီးမွမ်းတော်မူကြကုန်၏" ဟူရာ၌ အဘယ်တို့သည် "အရိယာပုဂ္ဂိုလ်တို့" မည်ကုန်သနည်း။

မြတ်စွာဘုရားတို့ကို လည်းကောင်း၊ မြတ်စွာဘုရား၏ တပည့်သာဝကတို့ကို လည်းကောင်း အရိယာတို့ဟု ဆိုအပ်ကုန်၏။ ထိုအရိယာပုဂ္ဂိုလ်တို့သည် ဤတတိယစျာန်ရရှိသူကို ပြောကြားကုန်၏၊ ညွှန်ပြကုန်၏၊ သိစေကုန်၏၊ ဖြစ်စေကုန်၏၊ ဖွင့်ပြကုန်၏၊ ဝေဖန်ကုန်၏၊ ပေါ်လွင်အောင် ပြုကုန်၏၊ ထင်ရှားပြကုန်၏၊ ထို့ကြောင့် "အရိယာပုဂ္ဂိုလ်တို့သည် အကြင် တတိယစျာန်ကြောင့် ထိုသူကို ချီးမွမ်းတော်မူကုန်၏" ဟု ဆိုအပ်ကုန်၏။

၅၈၉။ "လျစ်လျူရှုသူ သတိရှိသူ ချမ်းသာစွာ နေလေ့ရှိသူ" ဟူရာ၌ အဘယ်သည် လျစ်လျူရှုမှု 'ဥပေက္ခာ' မည်သနည်း။

အကြင် လျစ်လျူရှုမှု 'ဥပေက္ခာ'၊ လျစ်လျူရှုသော အခြင်းအရာ 'ဥပေက္ခနာ'၊ အလွန် လျစ်လျူရှုသော အခြင်းအရာ 'အဇ္ဈုပေက္ခနာ'၊ စိတ်၏ အလယ်အလတ်ဖြစ်မှုသည် ရှိ၏။ ဤသဘောကို လျစ်လျူရှုမှု 'ဥပေက္ခာ' ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် အောက်မေ့မှု 'သတိ' မည်သနည်း။

အကြင် အောက်မေ့မှု 'သတိ'၊ အထပ်ထပ် အောက်မေ့မှု 'အနုဿတိ'။ပ။ ကောင်းစွာ အောက်မေ့မှု 'သမ္မာသတိ' သည် ရှိ၏။ ဤသဘောကို အောက်မေ့မှု 'သတိ' ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် ချမ်းသာမှု 'သုခ' မည်သနည်း။

အကြင် စိတ်၌ ဖြစ်သော သာယာမှု ၊ စိတ်၌ ဖြစ်သောချမ်းသာမှု ၊ စိတ်အတွေ့ကြောင့်ဖြစ်သော သာယာမှု ချမ်းသာမှုကို ခံစားခြင်း၊ စိတ်အတွေ့ကြောင့်ဖြစ်သော သာယာမှု ချမ်းသာမှုကို ခံစားသော အခြင်းအရာသည် ရှိ၏။ ဤသဘောကို ချမ်းသာမှု 'သုခ' ဟု ဆိုအပ်၏။ ဤသို့ ဤလျစ်လျူရှုမှု 'ဥပေက္ခာ' နှင့် လည်းကောင်း၊ ဤအောက်မေ့မှု 'သတိ' နှင့်လည်းကောင်း၊ ဤချမ်းသာမှု 'သုခ' နှင့် လည်းကောင်း ပြည့်စုံသည် ဖြစ်၍ ဖြစ်၏၊ စောင့်၏၊ မျှတ၏၊ မျှတစေ၏၊ ကျင့်၏၊ နေ၏၊ ထို့ကြောင့် "လျစ်လျူရှုသူ သတိရှိသူ ချမ်းသာစွာ နေလေ့ရှိသူ" ဟု ဆိုအပ်၏။

၅၉၀။ "တတိယစျာန်" ဟူရာ၌ ဤစျာန်သည် အရေအတွက် အစဉ်အားဖြင့်လည်း တတိယမည်၏၊ သုံးကြိမ်မြောက် ဝင်စားအပ်သောကြောင့်လည်း တတိယ မည်၏။

၅၉၁။ "စျာန်" ဟူသည် လျစ်လျူရှုမှု 'ဥပေက္ခာ'၊ အောက်မေ့မှု 'သတိ'၊ ကောင်းစွာ အပြားအားဖြင့် သိမှု 'သမ္ပဇဉ်'၊ ချမ်းသာမှု 'သုခ'၊ စိတ်၏တည်ကြည်မှု 'ဧကဂ္ဂတာ' တို့တည်း။

၅၉၂။ "ရောက်၍" ဟူသည် တတိယစျာန်ကို ရခြင်းတည်း၊ အထပ်ထပ် ရခြင်းတည်း၊ ရောက်ခြင်းတည်း၊ ကောင်းစွာ ရောက်ခြင်းတည်း၊ တွေ့ထိခြင်းတည်း၊ မျက်မှောက်ပြုခြင်းတည်း၊ ပြည့်စုံခြင်းတည်း။

၅၉၃။ "နေ၏" ဟူသည်။ပ။ ထို့ကြောင့် "နေ၏" ဟု ဆိုအပ်၏။

# ဈာနဝိဘင်္ဂ

## ၄ - စတုတ္ထဈာန်အဖွင့်

၅၉၄။ "ချမ်းသာမှု 'သုခ' ဆင်းရဲမှု 'ဒုက္ခ' ကိုလည်း ပယ်ခွာခြင်းကြောင့်" ဟူရာ၌ ချမ်းသာမှု 'သုခ' သည် ရှိ၏၊ ဆင်းရဲမှု 'ဒုက္ခ' သည် ရှိ၏။ ထိုတွင် အဘယ်သည် ချမ်းသာမှု 'သုခ' မည်သနည်း။

အကြင် ကိုယ်၌ ဖြစ်သော သာယာမှု ၊ ကိုယ်၌ ဖြစ်သော ချမ်းသာမှု ၊ ကိုယ်အတွေ့ကြောင့်ဖြစ်သော သာယာမှု ချမ်းသာမှုကို ခံစားခြင်း၊ ကိုယ်အတွေ့ကြောင့်ဖြစ်သော သာယာမှု ချမ်းသာမှုကို ခံစားသော အခြင်းအရာသည် ရှိ၏။ ဤသဘောကို ချမ်းသာမှု 'သုခ' ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် ဆင်းရဲမှု 'ဒုက္ခ' မည်သနည်း။

အကြင် ကိုယ်၌ ဖြစ်သော မသာယာမှု ၊ ကိုယ်၌ ဖြစ်သော ဆင်းရဲမှု ၊ ကိုယ်အတွေ့ကြောင့်ဖြစ်သော မသာယာမှု ဆင်းရဲမှုကို ခံစားခြင်း၊ ကိုယ်အတွေ့ကြောင့်ဖြစ်သော မသာယာမှု ဆင်းရဲမှုကို ခံစားသော အခြင်းအရာသည် ရှိ၏။ ဤသဘောကို ဆင်းရဲမှု 'ဒုက္ခ' ဟု ဆိုအပ်၏။ ဤသို့ ဤချမ်းသာမှု သုခသည်လည်းကောင်း၊ ဤဆင်းရဲမှု ဒုက္ခသည် လည်းကောင်း ငြိမ်းကုန်၏၊ ငြိမ်းခြင်းသို့ ရောက်ကုန်၏၊ ငြိမ်သက်ကုန်၏၊ ချုပ်ခြင်းသို့ ရောက်ကုန်၏၊ အလွန်ချုပ်ခြင်းသို့ ရောက်ကုန်၏၊ ပျက်စီးကုန်၏၊ အထူး ပျက်စီးကုန်၏၊ ခြောက်သွေ့ကုန်၏၊ အထူးခြောက်သွေ့ကုန်၏၊ ကင်းခြင်းကို ပြုအပ်ကုန်၏။ ထို့ကြောင့် "ချမ်းသာမှု 'သုခ' ဆင်းရဲမှု 'ဒုက္ခ' ကိုလည်း ပယ်ခွါခြင်းကြောင့်" ဟု ဆိုအပ်၏။

၅၉၅။ "ရှေးဦးကပင် ဝမ်းမြောက်မှု 'သောမနဿ'၊ စိတ်နှလုံးမသာယာမှု 'ဒေါမနဿ' တို့၏ ချုပ်ငြိမ်းခြင်းကြောင့်" ဟူရာ၌ ဝမ်းမြောက်မှု 'သောမနဿ' သည် ရှိ၏၊ စိတ်နှလုံး မသာယာမှု 'ဒေါမနဿ' သည် ရှိ၏။ ထိုတွင် အဘယ်သည် ဝမ်းမြောက်မှု 'သောမနဿ' မည်သနည်း။

အကြင် စိတ်၌ ဖြစ်သော သာယာမှု ၊ စိတ်၌ ဖြစ်သော ချမ်းသာမှု ၊ စိတ်အတွေ့ကြောင့်ဖြစ်သော သာယာမှု ချမ်းသာမှုကို ခံစားခြင်း၊ စိတ်အတွေ့ကြောင့်ဖြစ်သော သာယာမှု ချမ်းသာမှုကို ခံစားသော အခြင်းအရာသည် ရှိ၏။ ဤသဘောကို ဝမ်းမြောက်မှု 'သောမနဿ' ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် စိတ်နှလုံးမသာယာမှု 'ဒေါမနဿ' မည်သနည်း။

အကြင် စိတ်၌ ဖြစ်သော မသာယာမှု ၊ စိတ်၌ ဖြစ်သော ဆင်းရဲမှု ၊ စိတ်အတွေ့ကြောင့်ဖြစ်သော မသာယာမှု ဆင်းရဲမှုကို ခံစားခြင်း၊ စိတ်အတွေ့ကြောင့်ဖြစ်သော မသာယာမှု ဆင်းရဲမှုကို ခံစားသော အခြင်းအရာသည် ရှိ၏။ ဤသဘောကို စိတ်နှလုံးမသာယာမှု 'ဒေါမနဿ' ဟု ဆိုအပ်၏။ ဤသို့ ဤဝမ်းမြောက်မှု 'သောမနဿ' သည် လည်းကောင်း၊ စိတ်နှလုံးမသာယာမှု 'ဒေါမနဿ' သည် လည်း ကောင်း ရှေးဦးကပင် ငြိမ်းကုန်၏၊ ငြိမ်းခြင်းသို့ ရောက်ကုန်၏၊ ငြိမ်သက်ကုန်၏၊ ချုပ်ခြင်းသို့ ရောက်ကုန်၏၊ အလွန်ချုပ်ခြင်းသို့ ရောက်ကုန်၏၊ ပျက်စီးကုန်၏၊ အထူးပျက်စီးကုန်၏၊ ခြောက်သွေ့ကုန်၏၊ အထူးခြောက်သွေ့ကုန်၏၊ ကင်းခြင်းကို ပြုအပ်ကုန်၏။ ထို့ကြောင့် "ရှေးဦးကပင် ဝမ်းမြောက်မှု 'သောမနဿ' စိတ်နှလုံးမသာယာမှု 'ဒေါမနဿ' တို့၏ ချုပ်ငြိမ်းခြင်းကြောင့်" ဟု ဆိုအပ်၏။

၅၉၆။ "ဆင်းရဲချမ်းသာ မရှိသော" ဟူရာ၌ အကြင်စိတ်၌ ဖြစ်သော သာယာမှုလည်း မဟုတ်၊ မသာယာမှုလည်း မဟုတ်သော သဘော၊ စိတ်အတွေ့ကြောင့်ဖြစ်သော ဆင်းရဲလည်း မဟုတ်၊ ချမ်းသာ မဟုတ်သော ခံစားခြင်းသဘော၊ စိတ်အတွေ့ကြောင့်ဖြစ်သော ဆင်းရဲလည်းမဟုတ်၊ ချမ်းသာလည်း မဟုတ်သော ခံစားသော အခြင်းအရာသည် ရှိ၏။ ထို့ကြောင့် "ဆင်းရဲချမ်းသာ မရှိသော" ဟု ဆိုအပ်၏။

၅၉၇။ "လျစ်လျူရှုမှု 'ဥပေက္ခာ' ကြောင့်ဖြစ်သည့် သတိ၏ စင်ကြယ်ခြင်း ရှိသော" ဟူရာ၌ အဘယ်သည် လျစ်လျူရှုမှု 'ဥပေက္ခာ' မည်သနည်း။

အကြင် လျစ်လျူရှုမှု 'ဥပေက္ခာ'၊ လျစ်လျူရှုသော အခြင်းအရာ 'ဥပေက္ခနာ'၊ အလွန်လျစ်လျူရှုသော အခြင်းအရာ 'အဇ္ဈုပေက္ခနာ'၊ စိတ်၏ အလယ်အလတ်ဖြစ်မှု 'မဇ္ဈတ္တတာ' သည် ရှိ၏။ ဤသဘောကို လျစ်လျူရှုမှု 'ဥပေက္ခာ' ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် အောက်မေ့မှု 'သတိ' မည်သနည်း။

အကြင် အောက်မေ့မှု 'သတိ'၊ အထပ်ထပ် အောက်မေ့မှု 'အနုဿတိ'။ပ။ ကောင်းစွာ အောက်မေ့မှု 'သမ္မာသတိ' သည် ရှိ၏။ ဤသဘောကို အောက်မေ့မှု 'သတိ' ဟု ဆိုအပ်၏။ ဤသတိသည် ဤလျစ်လျူရှုမှု 'ဥပေက္ခာ' ကြောင့် ပွင့်လင်း၏၊ ထက်ဝန်းကျင် စင်ကြယ်၏၊ ထက်ဝန်းကျင် ဖြူဖွေး၏။ ထို့ကြောင့် "လျစ်လျူရှုမှု 'ဥပေက္ခာ' ကြောင့်ဖြစ်သည့် သတိ၏ စင်ကြယ်ခြင်းရှိသော" ဟု ဆိုအပ်၏။

၅၉၈။ "စတုတ္ထ" ဟူရာ၌ ဤဈာန်သည် အရေအတွက် အစဉ်အားဖြင့်လည်း စတုတ္ထမည်၏၊ လေးကြိမ်မြောက် ဝင်စားအပ်သောကြောင့်လည်း စတုတ္ထမည်၏။

၅၉၉။ "ဈာန်" ဟူသည် လျစ်လျူရှုမှု 'ဥပေက္ခာ'၊ အောက်မေ့မှု 'သတိ'၊ စိတ်၏ တည်ကြည်မှု 'ဧကဂ္ဂတာ' တည်း။

၆၀၀။ "ရောက်၍" ဟူသည် စတုတ္ထဈာန်ကို ရခြင်းတည်း၊ အထပ်ထပ် ရခြင်းတည်း၊ ရောက်ခြင်းတည်း၊ ကောင်းစွာ ရောက်ခြင်းတည်း၊ တွေ့ထိခြင်းတည်း၊ မျက်မှောက်ပြုခြင်းတည်း၊ ပြည့်စုံခြင်းတည်း။

၆၀၁။ "နေ၏" ဟူသည်။ပ။ ထို့ကြောင့် "နေ၏" ဟု ဆိုအပ်၏။

# ဈာနဝိဘင်္ဂ

## အာကာသာနဉ္စာယတနဈာန်

၆၀၂။ "ရူပသညာကို လုံးဝလွန်မြောက်ခြင်းကြောင့်" ဟူရာ၌အဘယ်သည် ရူပသညာ မည်သနည်း။

ရူပဈာန်သမာပတ်ကို ဝင်စားသူ၏ လည်းကောင်း၊ ကပ်ရောက်သူ၏ လည်းကောင်း၊ မျက်မှောက်၌ ချမ်းသာစွာ နေလေ့ရှိသူ၏ လည်းကောင်း မှတ်သားမှု 'သညာ'၊ မှတ်သားသော အခြင်းအရာ 'သဉ္ဇာနနာ'၊ မှတ်သားတတ်သည်၏ အဖြစ် 'သဉ္ဇာနိတတ္တ' သည် ရှိ၏။ ဤသညာတို့ကို ရူပသညာတို့ဟု ဆိုအပ်ကုန်၏။ ဤရူပသညာတို့ကို လွန်၏၊ အထူးလွန်၏၊ ကောင်းစွာလွန်၏။ ထို့ကြောင့် "ရူပသညာတို့ကို လုံးဝလွန်မြောက်ခြင်းကြောင့်" ဟု ဆိုအပ်၏။

၆၀၃။ "ဝတ္ထု+အာရုံထိခိုက်မှု ကြောင့်ဖြစ်သော မှတ်သားမှု 'ပဋိဃသညာ' တို့၏ ချုပ်ခြင်းကြောင့်" ဟူရာ၌ အဘယ်သည် ဝတ္ထု+အာရုံထိခိုက်မှု ကြောင့်ဖြစ်သော 'ပဋိဃသညာ' မည်သနည်း။

အဆင်း၌ မှတ်သားမှု 'ရူပသညာ'၊ အသံ၌ မှတ်သားမှု 'သဒ္ဒသညာ'။ပ။ အတွေ့အထိ၌ မှတ်သားမှု 'ဖောဋ္ဌဗ္ဗသညာ' တို့တည်း။ ဤသညာတို့ကို ဝတ္ထု+အာရုံထိခိုက်မှု ကြောင့်ဖြစ်သော မှတ်သားမှု 'ပဋိဃသညာ' တို့ဟု ဆိုအပ်ကုန်၏။ ဤဝတ္ထု+အာရုံထိခိုက်မှု ကြောင့်ဖြစ်သော မှတ်သားမှု 'ပဋိဃသညာ' တို့သည် ငြိမ်းကုန်၏၊ ငြိမ်းခြင်းသို့ ရောက်ကုန်၏၊ ငြိမ်သက်ကုန်၏၊ ချုပ်ခြင်းသို့ ရောက်ကုန်၏၊ အလွန်ချုပ်ခြင်းသို့ ရောက်ကုန်၏၊ ပျက်စီးကုန်၏၊ အထူးပျက်စီးကုန်၏၊ ခြောက်သွေ့ကုန်၏၊ အထူးခြောက်သွေ့ကုန်၏၊ ကင်းခြင်းကို ပြုအပ်ကုန်၏။ ထို့ကြောင့် "ဝတ္ထု+အာရုံထိခိုက်မှု ကြောင့်ဖြစ်သော မှတ်သားမှု 'ပဋိဃသညာ' တို့၏ ချုပ်ခြင်းကြောင့်" ဟု ဆိုအပ်၏။

၆၀၄။ "အထူးထူးသော အာရုံ၌ မှတ်သားမှု 'နာနတ္တသညာ' တို့ကို နှလုံးမသွင်းမူ၍" ဟူရာ၌ အဘယ်သည် အထူးထူးသော အာရုံ၌ မှတ်သားမှု 'နာနတ္တသညာ' မည်သနည်း။

(သမာပတ်ကို) မဝင်စားသော မနောဓာတ်နှင့် ပြည့်စုံသူ၏ လည်းကောင်း၊ မနောဝိညာဏဓာတ်နှင့် ပြည့်စုံသူ၏ လည်းကောင်း မှတ်သားမှု 'သညာ'၊ မှတ်သားသော အခြင်းအရာ 'သဉ္ဇာနနာ'၊ မှတ်သားသည်၏ အဖြစ် 'သဉ္ဇာနိတတ္တ' သည် ရှိ၏။ ဤသညာကို အထူးထူးသော အာရုံ၌ မှတ်သားမှု 'နာနတ္တသညာ' တို့ဟု ဆိုအပ်ကုန်၏။ ဤအထူးထူးသော အာရုံ၌ မှတ်သားမှု 'နာနတ္တသညာ' တို့ကို နှလုံးမသွင်း။ ထို့ကြောင့် "အထူးထူးသော အာရုံ၌ မှတ်သားမှု 'နာနတ္တသညာ' တို့ကို နှလုံးမသွင်းခြင်းကြောင့်" ဟု ဆိုအပ်၏။

၆၀၅။ "ကောင်းကင်သည် အဆုံး အပိုင်းအခြား မရှိ" ဟူရာ၌ အဘယ်သည် "ကောင်းကင်" မည်သနည်း။ အကြင် ရေးခြစ် မရသောသဘော၊ ရေးခြစ်မရသောဖြစ်ခြင်း သဘော၊ ထိကိုင်၍ မရသောသဘော၊ ထိကိုင်၍ မရသောဖြစ်ခြင်းသဘော၊ ဟင်းလင်းသဘော၊ ဟင်းလင်းဖြစ်ခြင်း သဘော၊ မဟာဘုတ်လေးပါးတို့နှင့် မတွေ့ထိအပ်သော သဘောသည် ရှိ၏။ ဤသဘောကို ကောင်းကင်ဟု ဆိုအပ်၏။

ထိုကောင်းကင်၌ စိတ်ကို ထား၏၊ ကောင်းစွာထား၏။ အပိုင်းအခြားမရှိ ဖြန့်၏။ ထို့ကြောင့် "ကောင်းကင်သည် အဆုံး အပိုင်းအခြားမရှိ" ဟု ဆိုအပ်၏။

၆၀၆။ "အာကာသာနဉ္စာယတန" ဟူသည် အာကာသာနဉ္စာယတနဈာန်ကို ဝင်စားသူ၏ လည်းကောင်း၊ ကပ်ရောက်သူ၏ လည်းကောင်း၊ မျက်မှောက်ဘဝ၌ ချမ်းသာစွာ နေလေ့ရှိသူ၏ လည်းကောင်း စိတ်စေတသိက်တရားတို့တည်း။

၆၀၇။ "ပြည့်စုံစေ၍" ဟူသည် အာကာသာနဉ္စာယတနဈာန်ကို ရခြင်းတည်း၊ အထပ်ထပ်ရခြင်းတည်း၊ ရောက်ခြင်းတည်း၊ ကောင်းစွာ ရောက်ခြင်းတည်း၊ တွေ့ထိခြင်းတည်း၊ မျက်မှောက်ပြုခြင်းတည်း၊ ပြည့်စုံခြင်းတည်း။

၆၀၈။ "နေ၏" ဟူသည်။ပ။ ထို့ကြောင့် "နေ၏" ဟု ဆိုအပ်၏။

# ဈာနဝိဘင်္ဂ

## ဝိညာဏဉ္စာယတနဈာန်

၆၀၉။ “အာကာသာနဉ္စာယတနဈာန်ကို လုံး၀လွန်မြောက်ခြင်းကြောင့်” ဟူရာ၌ ဤအာကာသာနဉ္စာယတနဈာန်ကို လွန်၏၊ အထူးလွန်၏၊ ကောင်းစွာလွန်၏။ ထို့ကြောင့် “အာကာသာနဉ္စာယတနဈာန်ကို လုံး၀ လွန်မြောက်ခြင်းကြောင့်” ဟု ဆိုအပ်၏။

၆၁၀။ “ဝိညာဏ်သည် အဆုံးအပိုင်းအခြား မရှိ” ဟူရာ၌ ထိုကောင်းကင်ကိုပင် ဝိညာဏ်ဖြင့် တွေ့ထိ၍ နှလုံးသွင်း၏၊ အပိုင်းအခြားမရှိ ဖြန့်၏။ ထို့ကြောင့် “ဝိညာဏ်သည် အဆုံး အပိုင်းအခြား မရှိ” ဟု ဆိုအပ်၏။

၆၁၁။ “ဝိညာဏဉ္စာယတနဈာန်” ဟူသည် ဝိညာဏဉ္စာယတနဈာန်ကို ဝင်စားသူ၏ လည်းကောင်း၊ ကပ်ရောက်သူ၏ လည်းကောင်း၊ မျက်မှောက်ဘဝ၌ ချမ်းသာစွာ နေလေ့ရှိသူ၏ လည်းကောင်း စိတ်စေတသိက် တရားတို့တည်း။

၆၁၂။ “ပြည့်စုံစေ၍” ဟူသည် ဝိညာဏဉ္စာယတနဈာန်ကို ရခြင်းတည်း၊ အထပ်ထပ်ရခြင်းတည်း၊ ရောက်ခြင်းတည်း၊ ကောင်းစွာ ရောက်ခြင်းတည်း၊ တွေ့ထိခြင်းတည်း၊ မျက်မှောက်ပြုခြင်းတည်း၊ ပြည့်စုံခြင်းတည်း။

၆၁၃။ “နေ၏” ဟူသည်။ပ။ ထို့ကြောင့် “နေ၏” ဟု ဆိုအပ်၏။

# ဈာနဝိဘင်္ဂ

## အာကိဉ္စညာယတနဈာန်

၆၁၄။ “ဝိညာဏဉ္စာယတနဈာန်ကို လုံး၀ လွန်မြောက်ခြင်းကြောင့်” ဟူရာ၌ ဤဝိညာဏဉ္စာယတနဈာန်ကို လွန်၏၊ အထူးလွန်၏၊ ကောင်းစွာလွန်၏။ ထို့ကြောင့် “ဝိညာဏဉ္စာယတနဈာန်ကို လုံး၀ လွန်ခြင်းကြောင့်” ဟု ဆိုအပ်၏။

၆၁၅။ “စိုးစဉ်းမျှ မရှိ” ဟူရာ၌ ထိုဝိညာဏ်ကိုပင် ပွါးများ၏၊ အထူးပွါးများ၏၊ ကွယ်စေ၏၊ စိုးစဉ်းမျှ မရှိဟု ရှု၏။ ထို့ကြောင့် “စိုးစဉ်းမျှ မရှိ”ဟု ဆိုအပ်၏။

၆၁၆။ “အာကိဉ္စညာယတန”ဟူသည် အာကိဉ္စညာယတနဈာန်ကို ဝင်စားသူ၏ လည်းကောင်း၊ ကပ်ရောက်သူ၏ လည်းကောင်း၊ မျက်မှောက်ဘဝ၌ ချမ်းသာစွာ နေလေ့ရှိသူ၏ လည်းကောင်း စိတ်စေတသိက် တရားတို့တည်း။

၆၁၇။ “ပြည့်စုံစေ၍” ဟူသည် အာကိဉ္စညာယတနဈာန်ကို ရခြင်းတည်း၊ အထပ်ထပ်ရခြင်းတည်း၊ ရောက်ခြင်းတည်း၊ ကောင်းစွာ ရောက်ခြင်းတည်း၊ တွေ့ထိခြင်းတည်း၊ မျက်မှောက်ပြုခြင်းတည်း၊ ပြည့်စုံခြင်းတည်း။

၆၁၈။ “နေ၏” ဟူသည်။ပ။ ထို့ကြောင့် “နေ၏” ဟု ဆိုအပ်၏။

# စျာနဝိဘင်္ဂ

## နေဝသညာနာသညာယတနစျာန်

၆၁၉။ "အာကိဉ္စညာယတနစျာန်ကို လုံးဝလွန်မြောက်ခြင်းကြောင့်" ဟူရာ၌ ဤအာကိဉ္စညာယတန စျာန်ကို လွန်၏၊ အထူးလွန်၏၊ ကောင်းစွာလွန်၏။ ထို့ကြောင့် "အာကိဉ္စညာယတနစျာန်ကို လုံးဝ လွန်မြောက်ခြင်းကြောင့်" ဟု ဆိုအပ်၏။

"နေဝသညီနာသညီ" ဟူရာ၌ ထိုအာကိဉ္စညာယတနစျာန်ကိုပင် ငြိမ်သက်သောအားဖြင့် နှလုံးသွင်း ၏၊ အလွန်သိမ်မွေ့သည့် သင်္ခါရမျှသာ ကြွင်းကျန်သော သမာပတ်ကို ပွါးများ၏၊ ထို့ကြောင့် "နေဝသညီ နာသညီ" ဟု ဆိုအပ်၏။

၆၂၀။ "နေဝသညာနာသညာယတန" ဟူသည် နေဝသညာနာသညာယတနစျာန်ကို ဝင်စားသူ၏ လည်းကောင်း၊ ကပ်ရောက်သူ၏ လည်းကောင်း၊ မျက်မှောက်ဘဝ၌ ချမ်းသာစွာ နေလေ့ရှိသူ၏ လည်း ကောင်း စိတ်စေတသိက်တရားတို့တည်း။

၆၂၁။ "ပြည့်စုံစေ၍" ဟူသည် နေဝသညာနာသညာယတနစျာန်ကို ရခြင်းတည်း၊ အထပ်ထပ်ရခြင်း တည်း၊ ရောက်ခြင်းတည်း၊ ကောင်းစွာရောက်ခြင်းတည်း၊ တွေ့ထိခြင်းတည်း၊ မျက်မှောက်ပြုခြင်းတည်း၊ ပြည့်စုံခြင်းတည်း။

၆၂၂။ "နေ၏" ဟူသည် ဣရိယာပုထ်လေးပါးကို ဖြစ်စေ၏၊ ဖြစ်၏၊ စောင့်၏၊ မျှတ၏၊ မျှတ စေ၏၊ ကျင့်၏၊ ဣရိယာပုထ်တစ်ပါးဖြင့် ဣရိယာပုထ်တစ်ပါးကို ဖြတ်၍ ဆောင်၏။ ထို့ကြောင့် "ဝိဟရတိ (နေ၏)" ဟု ဆိုအပ်၏။

**သုတ္တန္တဘာဇနီယနည်းပြီး၏။**

# ဈာနဝိဘင်္ဂ

## ၂ - အဘိဓမ္မဘာဇနီယနည်း

## (အဘိဓမ္မာနည်းဖြင့် ဝေဖန်၍ ဟောကြားသောနည်း)

## ၁ - စတုက္ကနည်း ရူပါဝစရကုသိုလ်ဈာန် လေးပါး

၆၂၃။ ဈာန်လေးပါးတို့ကား ပဌမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်တို့တည်း။

### ပဌမဈာန်

၆၂၄။ ထိုလေးပါးတို့တွင် အဘယ်သည် ပဌမဈာန် မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင် အခါ၌ ကာမတို့မှ ကင်းဆိတ်၍သာလျှင် ရူပဘုံသို့ ရောက်ကြောင်းဈာန်ကို အားထုတ်၏။ပ။ ပထဝီကသိုဏ်းလျှင် အာရုံရှိသော ပဌမဈာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ ကြံစည်မှု 'ဝိတက်'၊ ဆင်ခြင်သုံးသပ်မှု 'ဝိစာရ'၊ နှစ်သက်မှု 'ပီတိ'၊ ချမ်းသာမှု 'သုခ'၊ စိတ်၏ တည်ကြည်မှု 'ဧကဂ္ဂတာ' တည်းဟူသော အင်္ဂါငါးပါးရှိသော ဈာန်သည် ဖြစ်၏။ ဤသဘောကို ပဌမဈာန်ဟု ဆိုအပ်၏။ ကြွင်းသောတရားတို့သည် ဈာန်နှင့်ယှဉ်သော တရားတို့ မည်ကုန်၏။ (၁)

### ဒုတိယဈာန်

ထိုတွင် အဘယ်သည် ဒုတိယဈာန် မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ ရူပဘုံသို့ ရောက်ကြောင်း ဈာန်ကို အားထုတ်၏၊ ကြံစည်မှု 'ဝိတက်'၊ ဆင်ခြင်သုံးသပ်မှု 'ဝိစာရ' တို့၏ ချုပ်ငြိမ်းခြင်းကြောင့်။ပ။ ပထဝီကသိုဏ်းလျှင် အာရုံရှိသော ဒုတိယဈာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ နှစ်သက်မှု 'ပီတိ'၊ ချမ်းသာမှု 'သုခ'၊ စိတ်၏ တည်ကြည်မှု 'ဧကဂ္ဂတာ' တည်းဟူသော အင်္ဂါသုံးပါးရှိသော ဈာန်သည် ဖြစ်၏။ ဤသဘောကို ဒုတိယ ဈာန်ဟု ဆိုအပ်၏။ ကြွင်းသောတရားတို့သည် ဈာန်နှင့်ယှဉ်သော တရားတို့ မည်ကုန်၏။ (၂)

### တတိယဈာန်

ထိုတွင် အဘယ်သည် တတိယဈာန် မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ ရူပဘုံသို့ ရောက်ကြောင်း ဈာန်ကို အားထုတ်၏၊ နှစ်သက်မှု 'ပီတိ' ကိုလည်း စက်ဆုပ်ခြင်းကြောင့်။ပ။ ပထဝီကသိုဏ်းလျှင် အာရုံရှိသော တတိယဈာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ ချမ်းသာမှု 'သုခ'၊ စိတ်၏ တည်ကြည်မှု 'ဧကဂ္ဂတာ' တည်းဟူသော အင်္ဂါ နှစ်ပါးရှိသော ဈာန်သည် ဖြစ်၏။ ဤသဘောကို တတိယဈာန် ဟု ဆိုအပ်၏။ ကြွင်းသော တရားတို့ သည် ဈာန်နှင့်ယှဉ်သော တရားတို့ မည်ကုန်၏။ (၃)

## စတုတ္ထစျာန်

ထိုတွင် အဘယ်သည် စတုတ္ထစျာန် မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ ရူပဘုံသို့ ရောက်ကြောင်း စျာန်ကို အားထုတ်၏၊ ချမ်းသာမှု 'သုခ' ကိုလည်း ပယ်ခြင်းကြောင့်။ပ။ ပထဝီကသိုဏ်းလျှင် အာရုံရှိသော စတုတ္ထစျာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ လျစ်လျူရှုမှု 'ဥပေက္ခာ'၊ စိတ်၏ တည်ကြည်မှု 'ဧကဂ္ဂတာ' တည်းဟူသော အင်္ဂါ နှစ်ပါးရှိသော စျာန်သည်ဖြစ်၏။ ဤသဘောကို စတုတ္ထစျာန်ဟု ဆိုအပ်၏။ ကြွင်းသောတရားတို့ သည် စျာန်နှင့်ယှဉ်သော တရားတို့ မည်ကုန်၏။ (၄)

**စတုက္ကနည်းပြီး၏။**

------

# ဈာနဝိဘင်္ဂ

## ပဥ္စကနည်း ရူပါဝစရကုသိုလ်ဈာန်ငါးပါး

### ပဌမဈာန်

၆၂၅။ ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ ကာမတို့မှ ကင်းဆိတ်၍သာလျှင် ရူပဘုံသို့ ရောက်ကြောင်း ဈာန်ကို အားထုတ်၏။ပ။ ပထဝီကသိုဏ်းလျှင် အာရုံရှိသော ပဌမဈာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ ကြံစည်မှု 'ဝိတက်'၊ သုံးသပ်မှု 'ဝိစာရ'၊ နှစ်သက်မှု 'ပီတိ'၊ ချမ်းသာမှု 'သုခ'၊ စိတ်၏ တည်ကြည်မှု 'ဧကဂ္ဂတာ' တည်းဟူသော အင်္ဂါငါးပါးရှိသော ဈာန်သည် ဖြစ်၏။ ဤသဘောကို ပဌမ ဈာန်ဟု ဆိုအပ်၏။ ကြွင်းသော တရားတို့သည် ဈာန်နှင့်ယှဉ်သော တရားတို့ မည်ကုန်၏။ (၁)

### ဒုတိယဈာန်

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ ကာမတို့မှ ကင်းဆိတ်၍သာလျှင် အကုသိုလ် တရားတို့မှ ကင်းဆိတ်၍သာလျှင် ရူပဘုံသို့ ရောက်ကြောင်း ဈာန်ကို အားထုတ်၏၊ ကြံစည်မှု 'ဝိတက်' မရှိသော သုံးသပ်မှု 'ဝိစာရ' မျှသာရှိသော (နီဝရဏ) ကင်းဆိတ်ခြင်းကြောင့် ဖြစ်သော နှစ်သက်မှု 'ပီတိ'၊ ချမ်းသာမှု 'သုခ' ရှိသော ပထဝီကသိုဏ်းလျှင် အာရုံရှိသော ဒုတိယဈာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ သုံးသပ်မှု 'ဝိစာရ'၊ နှစ်သက်မှု 'ပီတိ'၊ ချမ်းသာမှု 'သုခ'၊ စိတ်၏ တည်ကြည်မှု 'ဧကဂ္ဂတာ' တည်း ဟူသော အင်္ဂါ လေးပါးရှိသော ဈာန်သည် ဖြစ်၏။ ဤသဘောကို ဒုတိယဈာန်ဟု ဆိုအပ်၏။ ကြွင်းသောတရားတို့သည် ဈာန်နှင့်ယှဉ်သော တရားတို့ မည်ကုန်၏။ (၂)

### တတိယဈာန်

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ ရူပဘုံသို့ ရောက်ကြောင်း ဈာန်ကို အားထုတ်၏၊ ကြံစည်မှု 'ဝိတက်' သုံးသပ်မှု 'ဝိစာရ' တို့၏ ချုပ်ငြိမ်းခြင်းကြောင့်။ပ။ ပထဝီကသိုဏ်းလျှင် အာရုံရှိသော တတိယဈာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ နှစ်သက်မှု 'ပီတိ'၊ ချမ်းသာမှု 'သုခ'၊ စိတ်၏ တည်ကြည်မှု 'ဧကဂ္ဂတာ' တည်းဟူသော အင်္ဂါသုံးပါးရှိသော ဈာန်သည် ဖြစ်၏။ ဤသဘောကို တတိယ ဈာန်ဟု ဆိုအပ်၏။ ကြွင်းသော တရားတို့သည် ဈာန်နှင့်ယှဉ်သော တရားတို့ မည်ကုန်၏။ (၃)

### စတုတ္ထဈာန်

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ ရူပဘုံသို့ ရောက်ကြောင်း ဈာန်ကို အားထုတ်၏၊ နှစ်သက်မှု 'ပီတိ' ကိုလည်း စက်ဆုပ်ခြင်းကြောင့်။ပ။ ပထဝီကသိုဏ်းလျှင် အာရုံရှိသော စတုတ္ထဈာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ ချမ်းသာမှု 'သုခ'၊ စိတ်၏ တည်ကြည်မှု 'ဧကဂ္ဂတာ' တည်းဟူသော အင်္ဂါနှစ်ပါးရှိသော ဈာန်သည် ဖြစ်၏။ ဤသဘောကို စတုတ္ထဈာန်ဟု ဆိုအပ်၏။ ကြွင်းသော တရားတို့ သည် ဈာန်နှင့် ယှဉ်သော တရားတို့ မည်ကုန်၏။ (၄)

## ပဌမစျာန်

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ ရူပဘုံသို့ ရောက်ကြောင်း စျာန်ကို အားထုတ်၏၊ ချမ်းသာမှု 'သုခ' ကိုလည်း ပယ်ခြင်းကြောင့်။ပ။ ပထဝီကသိုဏ်းလျှင် အာရုံရှိသော ပဌမစျာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ လျစ်လျူရှုမှု 'ဥပေက္ခာ'၊ စိတ်၏ တည်ကြည်မှု 'ဧကဂ္ဂတာ' တည်းဟူသော အင်္ဂါနှစ်ပါးရှိသော စျာန်သည်ဖြစ်၏။ ဤသဘောကို ပဌမစျာန်ဟု ဆိုအပ်၏။

ကြွင်းသောတရားတို့သည် စျာန်နှင့် ယှဉ်သော တရားတို့ မည်ကုန်၏။ (၅) *

**မှတ်ချက်။** ။ * ဤဝိဘင်းပါဠိတော်၌ စတုက္ကနည်း ပဥ္စကနည်း အကျဉ်း နမူနာမျှသာ ပါရှိပါသည်။ အကျယ်ကို ဓမ္မသင်္ဂဏီ ပါဠိတော်အတိုင်း ဟောရမည်ဟု အဌကထာ ဆိုသောကြောင့် ဤနေရာ၌ တတိယ အရူပစျာန်အထိ ပေယျာလ ရှိသင့်ပါသည်။

**ပဥ္စကနည်းပြီး၏။**

------

# ဈာနဝိဘင်္ဂ

## ၂ - အရူပါဝစရကုသိုလ်ဈာန်လေးပါး

### စတုတ္ထအရူပဈာန်

၆၂၆။ ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ အရူပဘုံသို့ ရောက်ကြောင်း ဈာန်ကို ပွါးများ အားထုတ်၏၊ အာကိဉ္စညာယတနဈာန်ကို လုံးဝလွန်မြောက်ခြင်းကြောင့် နေဝသညာနာသညာယတနသညာနှင့်တကွသော၊ ချမ်းသာမှု 'သုခ' ကိုလည်း ပယ်ခြင်းကြောင့်။ပ။ စတုတ္ထဈာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ လျစ်လျူရှုမှု 'ဥပေက္ခာ'၊ စိတ်၏ တည်ကြည်မှု 'ဧကဂ္ဂတာ' တည်းဟူသော အင်္ဂါနှစ်ပါး ရှိသော ဈာန်သည် ဖြစ်၏။ ဤသဘောကို စတုတ္ထဈာန်ဟု ဆိုအပ်၏။

ကြွင်းသောတရားတို့သည် ဈာန်နှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

## ၃ - စတုက္ကနည်း လောကုတ္တရာကုသိုလ်ဈာန်လေးပါး

၆၂၇။ ဈာန်လေးပါးတို့ကား ပဌမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်တို့တည်း။

### ပဌမဈာန်

၆၂၈။ ထိုတွင် အဘယ်သည် ပဌမဈာန် မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ မိစ္ဆာအယူတို့ကို ပယ်ရန်၊ ပဌမဘုံ (သောတာပန်အဆင့်) သို့ ရောက်ရန် ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော လောကုတ္တရာဈာန်ကို ပွါးများ အားထုတ်၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲသော အကျင့်ရှိသော, နှံ့နှေးသော အသိဉာဏ်ရှိသော ပဌမဈာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ ကြံစည်မှု 'ဝိတက်'၊ သုံးသပ်မှု 'ဝိစာရ'၊ နှစ်သက်မှု 'ပီတိ'၊ ချမ်းသာမှု 'သုခ'၊ စိတ်၏ တည်ကြည်မှု 'ဧကဂ္ဂတာ' တည်းဟူသော အင်္ဂါငါးပါးရှိသော ဈာန်သည်ဖြစ်၏။ ဤသဘောကို ပဌမဈာန်ဟု ဆိုအပ်၏။

ကြွင်းသော တရားတို့သည် ဈာန်နှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

### ဒုတိယဈာန်

ထိုတွင် အဘယ်သည် ဒုတိယဈာန် မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ မိစ္ဆာအယူတို့ကို ပယ်ရန်၊ ပဌမဘုံ (သောတာပန်အဆင့်) သို့ ရောက်ရန် ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော လောကုတ္တရာဈာန်ကို ပွါးများ အားထုတ်၏၊ ၊ ကြံစည်မှု 'ဝိတက်' သုံးသပ်မှု 'ဝိစာရ' တို့၏ ချုပ်ငြိမ်းခြင်းကြောင့်။ပ။ ဆင်းရဲသော အကျင့်ရှိသော နှံ့နှေးသော အသိဉာဏ်ရှိသော ဒုတိယဈာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ နှစ်သက်မှု 'ပီတိ'၊ ချမ်းသာမှု 'သုခ'၊ စိတ်၏တည်ကြည်မှု 'ဧကဂ္ဂတာ' တည်းဟူသော အင်္ဂါသုံးပါးရှိသော ဈာန်သည် ဖြစ်၏။ ဤသဘောကို ဒုတိယဈာန်ဟု ဆိုအပ်၏။

ကြွင်းသော တရားတို့သည် ဈာန်နှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

## တတိယဈာန်

ထိုတွင် အဘယ်သည် တတိယဈာန် မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ မိစ္ဆာအယူတို့ကို ပယ်ရန်၊ ပဌမဘုံ (သောတာပန်အဆင့်) သို့ ရောက်ရန် ဝင့်ဆင်းရဲမှ ထွက်မြောက်တတ်သော နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော လောကုတ္တရာဈာန်ကို ပွါးများ အားထုတ်၏၊ ၊ နှစ်သက်မှု 'ပီတိ' ကိုလည်း စက်ဆုပ်ခြင်းကြောင့်။ပ။

ဆင်းရဲသော အကျင့်ရှိသော, နှံ့နှေးသော အသိဉာဏ်ရှိသော တတိယဈာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ ချမ်းသာမှု 'သုခ'၊ စိတ်၏ တည်ကြည်မှု 'ဧကဂ္ဂတာ' တည်းဟူသော အင်္ဂါ နှစ်ပါးရှိသော ဈာန်သည် ဖြစ်၏။ ဤသဘောကို တတိယဈာန်ဟု ဆိုအပ်၏။

ကြွင်းသော တရားတို့သည် ဈာန်နှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

## စတုတ္ထဈာန်

ထိုတွင် အဘယ်သည် စတုတ္ထဈာန် မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ မိစ္ဆာအယူတို့ကို ပယ်ရန်၊ ပဌမဘုံ (သောတာပန်အဆင့်) သို့ ရောက်ရန် ဝင့်ဆင်းရဲမှ ထွက်မြောက်တတ်သော နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော လောကုတ္တရာဈာန်ကို ပွါးများ အားထုတ်၏၊ ၊ ချမ်းသာမှု 'သုခ' ကိုလည်း ပယ်ခြင်းကြောင့်။ပ။ ဆင်းရဲသော အကျင့်ရှိသော, နှံ့နှေးသော အသိဉာဏ်ရှိသော စတုတ္ထဈာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ လျစ်လျူရှုမှု 'ဥပေက္ခာ'၊ စိတ်၏ တည်ကြည်မှု 'ဧကဂ္ဂတာ' တည်းဟူသော အင်္ဂါ နှစ်ပါးရှိသော ဈာန်သည် ဖြစ်၏။ ဤသဘောကို စတုတ္ထဈာန်ဟု ဆိုအပ်၏။ ကြွင်းသော တရားတို့သည် ဈာန်နှင့်ယှဉ်သော တရားတို့ မည်ကုန်၏။ (၄)

**စတုက္ကနည်းပြီး၏။**

------

# ဈာနဝိဘင်္ဂ

## ပဉ္စကနည်း လောကုတ္တရာကုသိုလ်ဈာန် ငါးပါး

### ပဌမဈာန်

၆၂၉။ ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ မိစ္ဆာအယူတို့ကို ပယ်ရန်၊ ပဌမဘုံ

(သောတာပန်အဆင့်) သို့ ရောက်ရန် ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော၊ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော လောကုတ္တရာဈာန်ကို ပွါးများအားထုတ်၏။ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲသော အကျင့်ရှိသော, နှံ့နှေးသော အသိဉာဏ်ရှိသော ပဌမဈာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ ကြံစည်မှု 'ဝိတက်'၊ သုံးသပ်မှု 'ဝိစာရ'၊ နှစ်သက်မှု 'ပီတိ'၊ ချမ်းသာမှု 'သုခ'၊ စိတ်၏ တည်ကြည်မှု 'ဧကဂ္ဂတာ' တည်းဟူသော အင်္ဂါငါးပါးရှိသော ဈာန်သည် ဖြစ်၏။ ဤသဘောကို ပဌမဈာန်ဟု ဆိုအပ်၏။

ကြွင်းသော တရားတို့သည် ဈာန်နှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

### ဒုတိယဈာန်

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ မိစ္ဆာအယူတို့ကို ပယ်ရန်၊ ပဌမဘုံ (သောတာပန်အဆင့်) သို့ ရောက်ရန် ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော၊ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော လောကုတ္တရာဈာန်ကို ပွါးများ အားထုတ်၏၊ ၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ကင်းဆိတ်၍သာလျှင် ကြံစည်မှု 'ဝိတက်'ကား မရှိ၊ သုံးသပ်မှု 'ဝိစာရ' မျှသာရှိသော၊ (နီဝရဏ) ကင်းဆိတ်ခြင်းကြောင့်ဖြစ်သော၊ နှစ်သက်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ' ရှိသော၊ ဆင်းရဲသော အကျင့်ရှိသော, နှံ့နှေးသော အသိဉာဏ်ရှိသော ဒုတိယဈာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ သုံးသပ်မှု 'ဝိစာရ'၊ နှစ်သက်မှု 'ပီတိ'၊ ချမ်းသာမှု 'သုခ'၊ စိတ်၏ တည်ကြည်မှု 'ဧကဂ္ဂတာ' တည်းဟူသော အင်္ဂါလေးပါး ရှိသော ဈာန်သည် ဖြစ်၏။ ဤသဘောကို ဒုတိယဈာန်ဟု ဆိုအပ်၏။

ကြွင်းသော တရားတို့သည် ဈာန်နှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

### တတိယဈာန်

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ မိစ္ဆာအယူတို့ကို ပယ်ရန်၊ ပဌမဘုံ (သောတာပန်အဆင့်) သို့ ရောက်ရန် ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော လောကုတ္တရာဈာန်ကို ပွါးများ အားထုတ်၏၊ ၊ ကြံစည်မှု 'ဝိတက်' သုံးသပ်မှု 'ဝိစာရ' တို့၏ ချုပ်ငြိမ်းခြင်းကြောင့်။ပ။ ဆင်းရဲသော အကျင့်ရှိသော, နှံ့နှေးသော အသိဉာဏ်ရှိသော တတိယဈာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ နှစ်သက်မှု 'ပီတိ'၊ ချမ်းသာမှု 'သုခ'၊ စိတ်၏ တည်ကြည်မှု 'ဧကဂ္ဂတာ' တည်းဟူသော အင်္ဂါသုံးပါးရှိသော ဈာန်သည် ဖြစ်၏။ ဤသဘောကို တတိယဈာန်ဟု ဆိုအပ်၏။

ကြွင်းသော တရားတို့သည် ဈာန်နှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

## စတုတ္ထဈာန်

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ မိစ္ဆာအယူတို့ကို ပယ်ရန်၊ ပဌမဘုံ (သောတာပန်အဆင့်) သို့ ရောက်ရန် ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော လောကုတ္တရာဈာန်ကို ပွါးများ အားထုတ်၏၊ ၊ နှစ်သက်မှု 'ပီတိ' ကိုလည်း စက်ဆုပ်ခြင်းကြောင့်။ပ။

ဆင်းရဲသော အကျင့်ရှိသော, နှံ့နှေးသော အသိဉာဏ်ရှိသော စတုတ္ထဈာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ ချမ်းသာမှု 'သုခ'၊ စိတ်၏ တည်ကြည်မှု 'ဧကဂ္ဂတာ' တည်းဟူသော အင်္ဂါ နှစ်ပါးရှိသော ဈာန်သည် ဖြစ်၏။ ဤသဘောကို စတုတ္ထဈာန်ဟု ဆိုအပ်၏။

ကြွင်းသော တရားတို့သည် ဈာန်နှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

## ပဉ္စမဈာန်

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ မိစ္ဆာအယူတို့ကို ပယ်ရန်၊ ပဌမဘုံ (သောတာပန်အဆင့်) သို့ ရောက်ရန် ဝဋ်ဆင်းရဲမှ ထွက်မြောကတတ်သော နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော လောကုတ္တရာဈာန်ကို ပွါးများ အားထုတ်၏၊ ချမ်းသာမှု 'သုခ' ကိုလည်း ပယ်ခြင်းကြောင့်။ပ။

ဆင်းရဲသော အကျင့်ရှိသော, နှံ့နှေးသော အသိဉာဏ်ရှိသော ပဉ္စမဈာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ လျစ်လျူရှုမှု 'ဥပေက္ခာ'၊ စိတ်၏ တည်ကြည်မှု 'ဧကဂ္ဂတာ' တည်းဟူသော အင်္ဂါ နှစ်ပါးရှိသော ဈာန်သည် ဖြစ်၏။ ဤသဘောကို ပဉ္စမဈာန်ဟု ဆိုအပ်၏။

ကြွင်းသော တရားတို့သည် ဈာန်နှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

**ပဉ္စကနည်းပြီး၏။**

------

# ဈာနဝိဘင်္ဂ

## ၄ - စတုက္ကနည်း ရူပါဝစရဝိပါက်ဈာန် လေးပါး

၆၃၀။ ဈာန်လေးပါးတို့ကား ပဌမဈာန် ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန်တို့တည်း။

## ပဌမဈာန်

၆၃၁။ ထိုတွင် အဘယ်သည် ပဌမဈာန် မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ ကာမတို့မှ ကင်းဆိတ်၍သာလျှင် ရူပဘုံသို့ ရောက်ကြောင်း ဈာန်ကို ပွါးများအားထုတ်၏။ပ။ ပထဝီကသိုဏ်းလျှင် အာရုံရှိသော ပဌမဈာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ ဤတရားတို့သည် ကုသိုလ် မည်ကုန်၏။ ထိုရူပါဝစရကုသိုလ် ကံကိုသာလျှင် ပြုခဲ့ ဆည်းပူးခဲ့၍ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ပထဝီကသိုဏ်းလျှင် အာရုံရှိသော အကျိုး 'ဝိပါက်' ဖြစ်သော ပဌမဈာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ ကြံစည်မှု 'ဝိတက်'၊ သုံးသပ်မှု 'ဝိစာရ'၊ နှစ်သက်မှု 'ပီတိ'၊ ချမ်းသာမှု 'သုခ'၊ စိတ်၏ တည်ကြည်မှု 'ဧကဂ္ဂတာ' တည်းဟူသော အင်္ဂါငါးပါးရှိသော ဈာန်သည် ဖြစ်၏။ ဤသဘောကို ပဌမဈာန်ဟု ဆိုအပ်၏။

ကြွင်းသော တရားတို့သည် ဈာန်နှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

## ဒုတိယဈာန်စသည်

ထိုတွင် အဘယ်သည် ဒုတိယဈာန် မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ ရူပဘုံသို့ ရောက်ကြောင်း ဈာန်ကို အားထုတ်၏၊ ကြံစည်မှု 'ဝိတက်'၊ သုံးသပ်မှု 'ဝိစာရ' တို့၏ ချုပ်ငြိမ်းခြင်းကြောင့်။ပ။ ပထဝီကသိုဏ်းလျှင် အာရုံရှိသော ဒုတိယဈာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏၊ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ ဤတရားတို့သည် ကုသိုလ် မည်ကုန်၏။ ထိုရူပါဝစရကုသိုလ် ကံကိုသာလျှင် ပြုခဲ့ ဆည်းပူးခဲ့၍ ကြံစည်မှု 'ဝိတက်' သုံးသပ်မှု 'ဝိစာရ' တို့၏ ချုပ်ငြိမ်းခြင်းကြောင့်။ပ။ အကျိုး 'ဝိပါက်' ဖြစ်သော ဒုတိယဈာန်ကို။ပ။ တတိယဈာန်ကို။ပ။ စတုတ္ထဈာန်ကို။ပ။

**စတုက္ကနည်းပြီး၏**

------

# ဈာနဝိဘင်္ဂ

## ပဉ္စကနည်း ရူပါဝစရဝိပါက်ဈာန် ငါးပါး

၆၃၁။ ပဌမဈာန်ကို။ပ။ ပထဝီကသိုဏ်းလျှင် အာရုံရှိသော ပဉ္စမဈာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ လျစ်လျူရှုမှု 'ဥပေက္ခာ'၊ စိတ်၏ တည်ကြည်မှု 'ဧကဂ္ဂတာ' တည်းဟူသော အင်္ဂါနှစ်ပါးရှိသော ဈာန်သည် ဖြစ်၏။ ဤသဘောကို ပဉ္စမဈာန်ဟု ဆိုအပ်၏။

ကြွင်းသော တရားတို့သည် ဈာန်နှင့် ယှဉ်သော တရားတို့ မည်ကုန်၏။

## ၅ - အရူပါဝစရဝိပါက်ဈာန်လေးခု

၆၃၂။ ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ အရူပဘုံသို့ ရောက်ကြောင်းဈာန်ကို ပွါးများအားထုတ်၏၊ အာကိဉ္စညာယတနဈာန်ကို လုံးဝလွန်မြောက်၍ ချမ်းသာမှု 'သုခ' ကိုလည်း ပယ်ခြင်းကြောင့် နေဝသညာနာသညာယတနသညာနှင့်တကွသော။ပ။ စတုတ္ထဈာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ ဤတရားတို့သည် ကုသိုလ်တို့ မည်ကုန်၏။ ထိုအရူပါဝစရ ကုသိုလ်ကံကိုသာလျှင် ပြုခဲ့ ဆည်းပူးခဲ့၍ အာကိဉ္စညာယတနဈာန်ကို လုံးဝလွန်မြောက်ခြင်းကြောင့် နေဝသညာနာသညာယတနသညာနှင့်တကွသော၊ အကျိုးဝိပါက်ဖြစ်သော၊ ချမ်းသာမှု 'သုခ' ကိုလည်း ပယ်ခြင်းကြောင့်။ပ။ စတုတ္ထဈာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ လျစ်လျူရှုမှု 'ဥပေက္ခာ'၊ စိတ်၏ တည်ကြည်မှု 'ဧကဂ္ဂတာ' တည်းဟူသော အင်္ဂါနှစ်ပါး ရှိသော ဈာန်သည်ဖြစ်၏။ ဤသဘောကို စတုတ္ထဈာန်ဟု ဆိုအပ်၏။

ကြွင်းသော တရားတို့သည် ဈာန်နှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

## ၆ - စတုက္ကနည်း လောကုတ္တရာဝိပါက်ဈာန် လေးခု

၆၃၃။ ဈာန်လေးပါးတို့ကား ပဌမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်တို့တည်း။

## ပဌမဈာန်

၆၃၄။ ထိုတွင် အဘယ်သည် ပဌမဈာန် မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ မိစ္ဆာအယူတို့ကို ပယ်ရန်၊ ပဌမဘုံ (သောတာပန်အဆင့်) သို့ ရောက်ရန် ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော၊ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော လောကုတ္တရာဈာန်ကို ပွါးများ အားထုတ်၏၊ ၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲသော အကျင့်ရှိသော, နှံ့နှေးသော အသိဉာဏ်ရှိသော ပဌမဈာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ ဤတရားတို့သည် ကုသိုလ်တို့ မည်ကုန်၏။

ထိုလောကုတ္တရာကုသိုလ်ဈာန်ကိုသာလျှင် ပြုခဲ့ ပွါးများခဲ့၍ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲသော အကျင့်ရှိသော, နှံ့နှေးသော အသိဉာဏ်ရှိသော၊ အတ္တမှ ဆိတ်သော၊ အကျိုးဝိပါက်ဖြစ်သော

ပဌမစျာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ ကြံစည်မှု 'ဝိတက်'၊ သုံးသပ်မှု 'ဝိစာရ'၊ နှစ်သက်မှု 'ပီတိ'၊ ချမ်းသာမှု 'သုခ'၊ စိတ်၏ တည်ကြည်မှု 'ဧကဂ္ဂတာ' တည်းဟူသော အင်္ဂါငါးပါးရှိသော စျာန်သည် ဖြစ်၏။ ဤသဘောကို ပဌမစျာန်ဟု ဆိုအပ်၏။

ကြွင်းသော တရားတို့သည် စျာန်နှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

## ဒုတိယစျာန်စသည်

ထိုတွင် အဘယ်သည် ဒုတိယစျာန် မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ မိစ္ဆာအယူတို့ကို ပယ်ရန်၊ ပဌမဘုံ (သောတာပန်အဆင့်) သို့ ရောက်ရန် ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော၊ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော လောကုတ္တရာစျာန်ကို ပွါးများ အားထုတ်၏၊ ။ ကြံစည်မှု 'ဝိတက်' သုံးသပ်မှု 'ဝိစာရ' တို့၏ ချုပ်ငြိမ်းခြင်းကြောင့်။ပ။ ဆင်းရဲသော အကျင့်ရှိသော, နှံ့နှေးသော အသိဉာဏ်ရှိသော ဒုတိယစျာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ ဤတရားတို့သည် ကုသိုလ်တို့ မည်ကုန်၏။ ထိုလောကုတ္တရာ ကုသိုလ်စျာန်ကိုသာလျှင် ပြုခဲ့ ပွါးများခဲ့၍ ကြံစည်မှု 'ဝိတက်'၊ သုံးသပ်မှု 'ဝိစာရ' တို့၏ ချုပ်ငြိမ်းခြင်းကြောင့် အကျိုးဝိပါက် ဖြစ်သော။ပ။ ဒုတိယစျာန်ကို။ပ။ တတိယစျာန်ကို။ပ။ စတုတ္ထစျာန်ကို။ပ။

## ပဉ္စကနည်း လောကုတ္တရာဝိပါက်စျာန်ငါးခု

ပဌမစျာန်ကို။ပ။ ဆင်းရဲသော အကျင့်ရှိသော, နှံ့နှေးသော အသိဉာဏ်ရှိသော အတ္တမှ ဆိတ်သော ပဉ္စမစျာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ လျစ်လျူရှုမှု 'ဥပေက္ခာ'၊ စိတ်၏ တည်ကြည်မှု 'ဧကဂ္ဂတာ' တည်းဟူသော အင်္ဂါနှစ်ပါးရှိသော စျာန်သည် ဖြစ်၏။ ဤသဘောကို ပဉ္စမစျာန်ဟု ဆိုအပ်၏။

ကြွင်းသောတရားတို့သည် စျာန်နှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

# ဈာနဝိဘင်္ဂ

## စတုက္ကနည်း ရူပါဝစရကြိယာဈာန်လေးပါး

၆၃၅။ ဈာန်လေးပါးတို့ကား ပဌမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်တို့တည်း။

## ပဌမဈာန်

၆၃၆။ ထိုတွင် အဘယ်သည် ပဌမဈာန် မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ ကုသိုလ်လည်း မဟုတ်, အကုသိုလ်လည်း မဟုတ်သော၊ ကံ၏ အကျိုးလည်း မဟုတ်သော၊ မျက်မှောက်ဘဝ၌ ချမ်းသာစွာ နေခြင်းဖြစ်သော၊ ကြိယာဖြစ်သော ရူပါဝစရဈာန်ကို ပွါးများအားထုတ်၏။ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။

ပထဝီကသိုဏ်းလျှင် အာရုံရှိသော ပဌမဈာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ ကြံစည်မှု 'ဝိတက်'၊ သုံးသပ်မှု 'ဝိစာရ'၊ နှစ်သက်မှု 'ပီတိ'၊ ချမ်းသာမှု 'သုခ'၊ စိတ်၏ တည်ကြည်မှု 'ဧကဂ္ဂတာ' တည်းဟူသော အင်္ဂါငါးပါးရှိသော ဈာန်သည် ဖြစ်၏။ ဤသဘောကို ပဌမဈာန်ဟု ဆိုအပ်၏။

ကြွင်းသော တရားတို့သည် ဈာန်နှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

## ဒုတိယဈာန်စသည်

ထိုတွင် အဘယ်သည် ဒုတိယဈာန် မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ ကုသိုလ်လည်း မဟုတ်, အကုသိုလ်လည်း မဟုတ်သော၊ ကံ၏ အကျိုးလည်း မဟုတ်သော၊ မျက်မှောက်ဘဝ၌ ချမ်းသာစွာ နေခြင်းဖြစ်သော၊ ကြိယာဖြစ်သော ရူပါဝစရဈာန်ကို ပွါးများအားထုတ်၏။ ကြံစည်မှု 'ဝိတက်'၊ သုံးသပ်မှု 'ဝိစာရ' တို့၏ ချုပ်ငြိမ်းခြင်းကြောင့်။ပ။ ဒုတိယဈာန်ကို။ပ။ တတိယဈာန်ကို။ပ။ စတုတ္ထဈာန်ကို။ပ။

## ပဉ္စကနည်း ရူပါဝစရကြိယာဈာန်ငါးပါး

ပဌမဈာန်ကို။ပ။ ပထဝီကသိုဏ်းလျှင် အာရုံရှိသော ပဉ္စမဈာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ လျစ်လျူရှုမှု 'ဥပေက္ခာ'၊ စိတ်၏ တည်ကြည်မှု 'ဧကဂ္ဂတာ' တည်းဟူသော အင်္ဂါနှစ်ပါးရှိသော ဈာန်သည် ဖြစ်၏။ ဤသဘောကို ပဉ္စမဈာန်ဟု ဆိုအပ်၏။

ကြွင်းသော တရားတို့သည် ဈာန်နှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

## ဈာနဝိဘင်္ဂ

### အရူပါဝစရကြိယာဈာန်လေးပါး

၆၃၇။ ပ။[၁] ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ ကုသိုလ်လည်း မဟုတ်, အကုသိုလ်လည်း မဟုတ်သော၊ ကံ၏အကျိုးလည်း မဟုတ်သော၊ မျက်မှောက်ဘဝ၌ ချမ်းသာစွာ နေခြင်းရှိသော၊ ကြိယာဖြစ်သော အရူပါဝစရဈာန်ကို အားထုတ်၏။ အာကိဉ္စညာယတနဈာန်ကို လုံးဝလွန်မြောက်၍ နေဝသညာနာသညာယတနသညာနှင့်တကွဖြစ်သော၊ ချမ်းသာခြင်း 'သုခ' ကိုလည်း ပယ်ခြင်းကြောင့်။ပ။ စတုတ္ထဈာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ လျစ်လျူရှုမှု 'ဥပေက္ခာ'၊ စိတ်၏ တည်ကြည်မှု 'ဧကဂ္ဂတာ' တည်းဟူသော အင်္ဂါနှစ်ပါးရှိသော ဈာန်သည် ဖြစ်၏။ ဤသဘောကို စတုတ္ထဈာန်ဟု ဆိုအပ်၏။

ကြွင်းသော တရားတို့သည် ဈာန်နှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

**အဘိဓမ္မဘာဇနီယနည်းပြီး၏။**

၁။ ဤပေယျာလ ပါဠိတော်၌ မရှိ၊ ရှိသင့်၍ ထည့်ထားသည်။

# ဈာနဝိဘင်္ဂ

## ၃ - ပဉှာပုစ္ဆကနည်း

## (အမေးအဖြေပြု၍ ဟောကြားသောနည်း)

၆၃၈။ ဈာန်လေးပါးတို့ကား-

၁။ ဤသာသနာတော်၌ ရဟန်းသည် ကာမတို့မှ ကင်းဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ကင်းဆိတ်၍သာလျှင် ကြံစည်မှု 'ဝိတက်', သုံးသပ်မှု 'ဝိစာရ' နှင့်တကွဖြစ်သော၊ (နီဝရဏ) ကင်းဆိတ်ခြင်းကြောင့်ဖြစ်သော၊ နှစ်သက်မှု 'ပီတိ', ချမ်းသာမှု 'သုခ' ရှိသော ပဌမဈာန်ကို ပြည့်စုံစေ၍ နေ၏။ပ။

၂။ ကြံစည်မှု 'ဝိတက်' သုံးသပ်မှု 'ဝိစာရ' တို့၏ ချုပ်ငြိမ်းခြင်းကြောင့် မိမိသန္တာန်၌ စိတ်ကို ကြည်လင်စေတတ်သော၊ စိတ်၏ တည်ကြည်မှု 'သမာဓိ' ကို ဖြစ်စေတတ်သော၊ ကြံစည်မှု 'ဝိတက်', သုံးသပ်မှု 'ဝိစာရ' မရှိသော၊ တည်ကြည်မှု 'သမာဓိ'ကြောင့်ဖြစ်သော၊ နှစ်သက်မှု 'ပီတိ', ချမ်းသာမှု 'သုခ' ရှိသော ဒုတိယဈာန်ကို ပြည့်စုံစေ၍ နေ၏။ပ။

၃။ နှစ်သက်မှု 'ပီတိ' ကိုလည်း စက်ဆုပ်ခြင်းကြောင့် လျစ်လျူရှုလျက်သာ နေ၏။ အောက်မေ့မှု 'သတိ'၊ ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်'နှင့် ပြည့်စုံသည်ဖြစ်၍ ချမ်းသာမှု 'သုခ' ကိုလည်း နာမကာယဖြင့် ခံစား၏။ အရိယာပုဂ္ဂိုလ်တို့သည် အကြင် တတိယဈာန်ကြောင့် ထိုသူကို "လျစ်လျူရှုနိုင်သူ သတိရှိသူ ချမ်းသာစွာ နေလေ့ရှိသူ" ဟု ချီးမွမ်းတော်မူကြကုန်၏။ ထိုတတိယဈာန်ကို ပြည့်စုံစေ၍ နေ၏။ပ။

၄။ ချမ်းသာမှု 'သုခ', ဆင်းရဲမှု 'ဒုက္ခ'ကို ပယ်ခွာခြင်းကြောင့် ရှေးဦးကပင်လျှင် ဝမ်းမြောက်မှု 'သောမနဿ', စိတ်နှလုံး မသာယာမှု 'ဒေါမနဿ'တို့၏ ချုပ်နှင့်ခြင်းကြောင့် ဆင်းရဲမှု 'ဒုက္ခ'လည်း မဟုတ်, ချမ်းသာမှု 'သုခ' လည်း မဟုတ်သော လျစ်လျူရှုမှု 'ဥပေက္ခာ' ကြောင့်ဖြစ်သည့် သတိ၏ ထက်ဝန်းကျင် စင်ကြယ်ခြင်းရှိသော စတုတ္ထဈာန်ကို ပြည့်စုံစေ၍ နေ၏။

------

## ဈာန်လေးပါးတို့ကို တိက်, ဒုက်တို့ဖြင့် ဝေဖန်၍

## အမေးပုစ္ဆာနည်းသက်သက်ကို ပြခြင်း

၆၃၉။ ဈာန်လေးပါးတို့တွင်- ကုသိုလ်တရားတို့သည် အဘယ်မျှ ရှိကုန်သနည်း။ အကုသိုလ်တရားတို့သည် အဘယ်မျှ ရှိကုန်သနည်း။

အဗျာကတတရားတို့သည် အဘယ်မျှ ရှိကုန်သနည်း။ပ။

ငိုကြွေးကြောင်း ကိလေသာနှင့်တကွဖြစ်သော တရားတို့သည် အဘယ်မျှ ရှိကုန်သနည်း။ ငိုကြွေးကြောင်း ကိလေသာနှင့်တကွ မဖြစ်သော တရားတို့သည် အဘယ်မျှ ရှိကုန်သနည်း။

# ဈာနဝိဘင်္ဂ

## ၁ - ဈာန်လေးပါးတို့ကို တိက်တို့ဖြင့် ဝေဖန်၍

## အဖြေဝိသဇ္ဇနာကို ပြခြင်း

### (၁) ကုသလတိက်အဖြေဝိသဇ္ဇနာ

၆၄၀။ (ဈာန်လေးပါးတို့သည်) ရံခါ ကုသိုလ် ဖြစ်ကုန်၏။ ရံခါ အဗျာကတ ဖြစ်ကုန်၏။

### (၂) ဝေဒနာတိက်

ဈာန်သုံးပါးတို့သည် ဤဈာန်သုံးပါး၌ ဖြစ်သော သုခဝေဒနာကိုထား၍ သုခဝေဒနာနှင့် ယှဉ်ကုန်၏။ စတုတ္ထဈာန်သည် ဤစတုတ္ထဈာန်၌ ဖြစ်သော ဥပေက္ခာဝေဒနာကိုထား၍ ဥပေက္ခာဝေဒနာနှင့် ယှဉ်၏။

### (၃) ဝိပါကတိက်

(ဈာန်လေးပါးတို့သည်) အချို့ အချင်းချင်း ထူးကုန်သော ကုသိုလ် အကုသိုလ်တို့၏ အကျိုး ဖြစ်ကုန်၏။ အချို့ အကျိုးကို ဖြစ်စေခြင်း သဘောရှိကုန်၏၊ အချို့ အချင်းချင်း ထူးကုန်သော ကုသိုလ် အကုသိုလ်တို့၏ အကျိုးလည်း မဟုတ်၊ အကျိုးကိုဖြစ်စေခြင်း သဘောရှိသည်လည်း မဟုတ်ကုန်။

### (၄) ဥပါဒိန္နတိက်

(ဈာန်လေးပါးတို့သည်) အချို့ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် ယူအပ်၍ ဥပါဒါန်၏ အာရုံဖြစ်ကုန်၏၊ အချို့ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်ကား မယူအပ်၊ ဥပါဒါန်၏ အာရုံသာ ဖြစ်ကုန်၏။ အချို့ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း မယူအပ်၊ ဥပါဒါန်၏ အာရုံလည်း မဖြစ်ကုန်။

### (၅) သံကိလိဋ္ဌတိက်

(ဈာန်လေးပါးတို့သည်) အချို့ ကိလေသာတို့ ပူပန်စေအပ်သည်ကား မဟုတ်၊ ကိလေသာတို့၏ အာရုံသာ ဖြစ်ကုန်၏။ အချို့ ကိလေသာတို့ ပူပန်စေအပ်သည်လည်း မဟုတ်၊ ကိလေသာတို့၏ အာရုံ လည်း မဟုတ်ကုန်။

### (၆) ဝိတက္ကတိက်

ပဌမဈာန်သည် ဤပဌမဈာန်၌ ဖြစ်သော ဝိတက် ဝိစာရတို့ကို ထား၍ (ကြွင်းသော တရားတို့သည်) ဝိတက်လည်း ရှိ၏၊ ဝိစာရလည်း ရှိ၏။ (ဒု-တ-စ-) ဈာန်သုံးပါးတို့သည် ဝိတက်လည်း မရှိ၊ ဝိစာရလည်း မရှိကုန်။

## (၇) ပီတိတိက်

ပဌမစျာန် ဒုတိယစျာန်နှစ်ပါးတို့သည် ဤနှစ်ပါး၌ ဖြစ်သော ပီတိကိုထား၍ ပီတိနှင့်တကွ ဖြစ်ကုန်၏။ (ပ-ဒု-တ-) စျာန်သုံးပါးတို့သည် ဤသုံးပါး၌ ဖြစ်သော သုခကို ထား၍ သုခဝေဒနာနှင့်တကွ ဖြစ်ကုန်၏။ စတုတ္ထစျာန်သည် ဤစျာန်၌ ဖြစ်သော ဥပေက္ခာကို ထား၍ ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်၏။

## (၈) ဒဿနတိက်

(စျာန်လေးပါးတို့သည်) သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သည်လည်း မဟုတ်၊ အထက်မဂ်သုံးခုဖြင့် ပယ်အပ်သည်လည်း မဟုတ်ကုန်။

## (၉) ဒဿနဟေတုတိက်

(စျာန်လေးပါးတို့သည်) သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်၊ အထက်မဂ်သုံးခုဖြင့် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်ကုန်။

## (၁၀) အာစယဂါမိတိက်

(စျာန်လေးပါးတို့သည်) ရံခါ စုတိပဋိသန္ဓေသို့ ရောက်ကြောင်း ဖြစ်ကုန်၏၊ ရံခါ နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်ကုန်၏၊ ရံခါ စုတိပဋိသန္ဓေသို့ ရောက်ကြောင်းလည်း မဟုတ်၊ နိဗ္ဗာန်သို့ ရောက်ကြောင်းလည်း မဟုတ်ကုန်။

## (၁၁) သေက္ခတိက်

(စျာန်လေးပါးတို့သည်) ရံခါ သေက္ခပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်ကုန်၏။ ရံခါ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်ကုန်၏။ ရံခါ သေက္ခပုဂ္ဂိုလ်တို့၏ ဥစ္စာလည်း မဟုတ်၊ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာလည်း မဟုတ်ကုန်။

## (၁၂) ပရိတ္တတိက်

(စျာန်လေးပါးတို့သည်) ရံခါ မဟဂ္ဂုတ် ဖြစ်ကုန်၏။ ရံခါ လောကုတ္တရာ ဖြစ်ကုန်၏။

## (၁၃) ပရိတ္တာရမ္မဏတိက်

စျာန်သုံးပါးတို့ကို ပရိတ္တ(ကာမ) ကို အာရုံပြုကုန်၏ဟူ၍ လည်းကောင်း၊ မဟဂ္ဂုတ်ကို အာရုံပြုကုန်၏ ဟူ၍ လည်းကောင်း မဆိုအပ်ကုန်။ စျာန်သုံးပါးတို့သည် အချို့ အပ္ပမာဏ (လောကုတ္တရာ) ကို အာရုံပြုကုန်၏။ စျာန်သုံးပါးတို့ကို အချို့ အပ္ပမာဏ (လောကုတ္တရာ) ကို အာရုံပြုကုန်၏ဟု မဆိုအပ်ကုန်။ စတုတ္ထစျာန်[*၀]သည် အချို့ ပရိတ္တ(ကာမ) ကို အာရုံပြု၏၊ အချို့ မဟဂ္ဂုတ်ကို အာရုံပြု၏၊ အချို့ အပ္ပမာဏ (လောကုတ္တရာ) ကို အာရုံပြု၏။ အချို့ ပရိတ္တ(ကာမ) ကို အာရုံပြု၏ဟူ၍ လည်းကောင်း၊ မဟဂ္ဂုတ်ကို အာရုံပြု၏ဟူ၍ လည်းကောင်း၊ အပ္ပမာဏ (လောကုတ္တရာ) ကို အာရုံပြု၏ဟူ၍ လည်းကောင်း မဆိုအပ်။

## (၁၄) ဟီနတိက်

(ဈာန်လေးပါးတို့သည်) အချို့ အလယ်အလတ် ဖြစ်ကုန်၏၊ အချို့ အမြတ် ဖြစ်ကုန်၏။

## (၁၅) မိစ္ဆတ္တတိက်

(ဈာန်လေးပါးတို့သည်) အချို့ မဖောက်ပြန်သော သဘောရှိ၍ မိမိ၏ အခြားမဲ့၌ အကျိုးပေး မြဲကုန်၏။ အချို့ အကျိုးပေး မမြဲကုန်။

## (၁၆) မဂ္ဂါရမ္မဏတိက်

ဈာန်သုံးပါးတို့သည် မဂ်ကို အာရုံမပြုကုန်၊ အချို့ မဂ်ဟု ဆိုအပ်သော အကြောင်းဟိတ် ရှိကုန်၏၊ အချို့ မဂ်ဟု ဆိုအပ်သော အဓိပတိပစ္စည်း ရှိကုန်၏၊ အချို့ မဂ်ဟု ဆိုအပ်သော အကြောင်း 'ဟိတ်' ရှိကုန်၏ဟူ၍ လည်းကောင်း၊ မဂ်ဟု ဆိုအပ်သော အဓိပတိပစ္စည်း ရှိကုန်၏ဟူ၍ လည်းကောင်း မဆိုအပ်ကုန်။ စတုတ္ထဈာန်သည် အချို့ မဂ်ကို အာရုံပြု၏၊ အချို့ မဂ်ဟု ဆိုအပ်သော အကြောင်း 'ဟိတ်' ရှိ၏၊ အချို့ မဂ်ဟု ဆိုအပ်သော အဓိပတိပစ္စည်း ရှိ၏၊ အချို့ မဂ်ကို အာရုံပြု၏ ဟူ၍ လည်းကောင်း၊ မဂ်ဟု ဆိုအပ်သော အကြောင်း 'ဟိတ်' ရှိ၏ဟူ၍ လည်းကောင်း၊ အချို့ မဂ်ဟု ဆိုအပ်သော အဓိပတိပစ္စည်း ရှိ၏ဟူ၍ လည်းကောင်း မဆိုအပ်။

## (၁၇) ဥပ္ပန္နတိက်

(ဈာန်လေးပါးတို့သည်) ရံခါ ခဏသုံးပါးသို့ ရောက်ဆဲ ဖြစ်ကုန်၏။ ရံခါ ခဏသုံးပါးသို့ ရောက်ပြီး, ရောက်ဆဲ မဟုတ်ကုန်။ ရံခါ မချွတ်ဖြစ်လတ္တံ့ ဖြစ်ကုန်၏။

## (၁၈) အတီတတိက်

(ဈာန်လေးပါးတို့သည်) ရံခါ ဖြစ်ပြီး 'အတိတ်' ဖြစ်ကုန်၏။ ရံခါ မရောက်သေး 'အနာဂတ်' (ဖြစ်လတ္တံ့) ဖြစ်ကုန်၏၊ ရံခါ ဖြစ်ဆဲ 'ပစ္စုပ္ပန်' ဖြစ်ကုန်၏။

## (၁၉) အတီတာရမ္မဏတိက်

ဈာန်သုံးပါးတို့ကို ဖြစ်ပြီး 'အတိတ်' ကို အာရုံပြုကုန်၏ဟူ၍ လည်းကောင်း၊ မရောက်သေး 'အနာဂတ်' (ဖြစ်လတ္တံ့) ကို အာရုံပြုကုန်၏ဟူ၍ လည်းကောင်း၊ ဖြစ်ဆဲ 'ပစ္စုပ္ပန်' ကို အာရုံပြုကုန်၏ ဟူ၍ လည်းကောင်း မဆိုအပ်ကုန်။ စတုတ္ထဈာန်သည် အချို့ ဖြစ်ပြီး 'အတိတ်' ကို အာရုံပြု၏။ အချို့ မရောက်သေး 'အနာဂတ်' (ဖြစ်လတ္တံ့) ကို အာရုံပြု၏။ အချို့ ဖြစ်ဆဲ 'ပစ္စုပ္ပန်' ကို အာရုံပြု၏။ အချို့ ဖြစ်ပြီး 'အတိတ်' က အာရုံပြု၏ဟူ၍ လည်းကောင်း၊ မရောက်သေး 'အနာဂတ်' (ဖြစ်လတ္တံ့) ကို အာရုံပြု၏ဟူ၍ လည်းကောင်း၊ ဖြစ်ဆဲ 'ပစ္စုပ္ပန်' ကို အာရုံပြု၏ဟူ၍ လည်းကောင်း မဆိုအပ်။

## (၂၀) အဇ္ဈတ္တတိက်

(ဈာန်လေးပါးတို့သည်) ရံခါ အတွင်း 'အဇ္ဈတ္တ' သန္တာန်၌ ဖြစ်ကုန်၏။ ရံခါ အပ 'ဗဟိဒ္ဓ' သန္တာန်၌ ဖြစ်ကုန်၏။ ရံခါ အတွင်းအပ 'အဇ္ဈတ္တဗဟိဒ္ဓ' သန္တာန်၌ ဖြစ်ကုန်၏။

## (၂၁) အဇ္ဈတ္တာရမ္မဏတိက်

စျာန်သုံးပါးတို့သည် အပ 'ဗဟိဒ္ဓ' သန္တာန်ကို အာရုံပြုကုန်၏။ စတုတ္ထစျာန်သည် အချို့ အတွင်း 'အဇ္ဈတ္တ' သန္တာန်ကို အာရုံပြု၏။ အချို့ အပ 'ဗဟိဒ္ဓ' သန္တာန်ကို အာရုံပြု၏။ အချို့ အတွင်းအပ 'အဇ္ဈတ္တဗဟိဒ္ဓ' သန္တာန်ကို အာရုံပြု၏။ အချို့ အတွင်း 'အဇ္ဈတ္တ' သန္တာန်ကို အာရုံပြု၏ဟူ၍ လည်းကောင်း၊ အပ 'ဗဟိဒ္ဓ' သန္တာန်ကို အာရုံပြု၏ဟူ၍ လည်းကောင်း၊ အတွင်းအပ 'အဇ္ဈတ္တဗဟိဒ္ဓ' သန္တာန်ကို အာရုံပြု၏ဟူ၍ လည်းကောင်း မဆိုအပ်။

## (၂၂) သနိဒဿနတိက်

(စျာန်လေးပါးတို့သည်) မြင်အပ်သော သဘောလည်း မရှိ၊ ထိပါးတတ်သော သဘောလည်း မရှိကုန်။

* အဘိညာဉ်ကိစ္စတပ်သော စတုက္ကနည်း စတုတ္ထစျာန်ကို ဆိုသည်။

------

# ဈာနဝိဘင်္ဂ

## ၂ - ဒုက် ၁၀၀-တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကို ပြခြင်း

## ဟေတုဂေါစ္ဆကအဖြေ

### (၁) ဟေတုဒုက်

၆၄၁။ (ဈာန်လေးပါးတို့သည်) ဟိတ် မမည်ကုန်။

### (၂) သဟေတုကဒုက်

(ဈာန်လေးပါးတို့သည်) ဟိတ် ရှိကုန်၏။

### (၃) ဟေတုသမ္ပယုတ္တဒုက်

(ဈာန်လေးပါးတို့သည်) ဟိတ်နှင့် ယှဉ်ကုန်၏။

### (၄) ဟေတုသဟေတုကဒုက်

(ဈာန်လေးပါးတို့ကို) ဟိတ်လည်း မည်၊ ဟိတ်လည်း ရှိကုန်၏ဟု မဆိုအပ်ကုန်၊ ဟိတ်သာရှိ၍ ဟိတ် မမည်ကုန်။

### (၅) ဟေတုဟေတုသမ္ပယုတ္တဒုက်

(ဈာန်လေးပါးတို့ကို) ဟိတ်လည်းမည်၊ ဟိတ်နှင့်လည်း ယှဉ်ကုန်၏ဟု မဆိုအပ်ကုန်။ ဟိတ်နှင့်သာ ယှဉ်၍ ဟိတ် မမည်ကုန်။

### (၆) န ဟေတု သဟေတုကဒုက်

(ဈာန်လေးပါးတို့သည်) ဟိတ် မမည်မူ၍ ဟိတ်သာ ရှိကုန်၏။

# ဈာနဝိဘင်္ဂ

## စူဠန္တရဒုက်အဖြေဝိသဇ္ဇနာ

**(၇) သပ္ပစ္စယဒုက်**

(ဈာန်လေးပါးတို့သည်) အကြောင်းနှင့်တကွ ဖြစ်ကုန်၏။

**(၈) သင်္ခတဒုက်**

(ဈာန်လေးပါးတို့သည်) အကြောင်းတရားတို့သည် ပြုပြင်အပ်ကုန်၏။

**(၉) သနိဒဿနဒုက်**

ဈာန်လေးပါးတို့သည် မြင်အပ်သောသဘော မရှိကုန်။

**(၁၀) သပ္ပဋိဃဒုက်**

ဈာန်လေးပါးတို့သည် ထိပါးတတ်သောသဘော မရှိကုန်။

**(၁၁) ရူပီဒုက်**

(ဈာန်လေးပါးတို့သည်) နာမ်တရား ဖြစ်ကုန်၏။

**(၁၂) လောကိယဒုက်**

(ဈာန်လေးပါးတို့သည်) ရံခါ လောက၌ အကျုံးဝင်ကုန်၏။ ရံခါ လောကမှ ထွက်မြောက်တတ်ကုန်၏။

**(၁၃) ကေနစိဝိညေယျဒုက်**

(ဈာန်လေးပါးတို့သည်) တစ်စုံတစ်ခုသော စိတ်သည် သိအပ်သော သဘောရှိကုန်၏။ တစ်စုံတစ်ခုသော စိတ်သည် မသိအပ်သော သဘောရှိကုန်၏။

# ဓာနဝိဘင်္ဂ

## အာသဝဂေါစ္ဆကအဖြေ

### (၁၄) အာသဝဒုက်

(ဈာန်လေးပါးတို့သည်) အာသဝ မမည်ကုန်။

### (၁၅) သာသဝဒုက်

(ဈာန်လေးပါးတို့သည်) ရံခါ အာသဝ၏ အာရုံ ဖြစ်ကုန်၏။ ရံခါ အာသဝ၏ အာရုံ မဖြစ်ကုန်။

### (၁၆) အာသဝသမ္ပယုတ္တဒုက်

(ဈာန်လေးပါးတို့သည်) အာသဝနှင့် မယှဉ်ကုန်။

### (၁၇) အာသဝသာသဝဒုက်

(ဈာန်လေးပါးတို့ကို) အာသဝလည်း မည်၊ အာသဝ၏ အာရုံလည်း ဖြစ်၏ဟု မဆိုအပ်ကုန်၊ ရံခါ အာသဝ၏ အာရုံသာဖြစ်၍ အာသဝ မမည်ကုန်၊ ရံခါ အာသဝ၏ အာရုံသာဖြစ်၍ အာသဝ မမည်ကုန် ဟု မဆိုအပ်ကုန်။

### (၁၈) အာသဝသာသဝသမ္ပယုတ္တဒုက်

(ဈာန်လေးပါးတို့ကို) အာသဝလည်း မည်၊ အာသဝနှင့်လည်း ယှဉ်ကုန်၏ဟူ၍ လည်းကောင်း၊ အာသဝနှင့်သာ ယှဉ်၍ အာသဝ မမည်ကုန်ဟူ၍ လည်းကောင်း မဆိုအပ်ကုန်။

### (၁၉) အာသဝဝိပ္ပယုတ္တသာသဝဒုက်

(ဈာန်လေးပါးတို့သည်) ရံခါ အာသဝနှင့် မယှဉ်မူ၍ အာသဝ၏ အာရုံသာ ဖြစ်ကုန်၏၊ ရံခါ အာသဝနှင့်လည်း မယှဉ်၊ အာသဝ၏ အာရုံလည်း မဖြစ်ကုန်။

# ဈာနဝိဘင်္ဂ

## သံယောဇနဂေါစ္ဆကအဖြေ

**(၂၀-၂၅) သံယောဇနဒုက်**

(ဈာန်လေးပါးတို့သည်) သံယောဇဉ် မမည်ကုန်။ပ။

## ဂန္ထဂေါစ္ဆကအဖြေ

**(၂၆-၃၁) ဂန္ထဒုက်**

(ဈာန်လေးပါးတို့သည်) ဂန္ထ မမည်ကုန်။ပ။

## ဩဃဂေါစ္ဆကအဖြေ

**(၃၂-၃၇) ဩဃဒုက်**

(ဈာန်လေးပါးတို့သည်) ဩဃ မမည်ကုန်။ပ။

## ယောဂဂေါစ္ဆကအဖြေ

**(၃၈-၄၃) ယောဂဒုက်**

(ဈာန်လေးပါးတို့သည်) ယောဂ မမည်ကုန်။ပ။

## နီဝရဏဂေါစ္ဆကအဖြေ

**(၄၄-၄၉) နီဝရဏဒုက်**

(ဈာန်လေးပါးတို့သည်) နီဝရဏ မမည်ကုန်။ပ။

# ဓာနုဝိဘင်္ဂ

## ပရာမာသဂေါစ္ဆကအဖြေ

**(၅၀-၅၄) ပရာမာသဒုက်**

(ဓာန်လေးပါးတို့သည်) ပရာမာသ မမည်ကုန်။ပ။

**မှတ်ချက်။** ။ သံယောဇနဂေါစ္ဆကမှစ၍ ပရာမာသဂေါစ္ဆကအထိ ပေယျာလများကို အာသဝဂေါစ္ဆကအတိုင်း ဖေါ်၍ ဟောရမည်။

## မဟန္တရဒုက်အဖြေ

**(၅၅) သာရမ္မဏဒုက်**

(ဓာန်လေးပါးတို့သည်) အာရုံပြုခြင်း ရှိကုန်၏။

**(၅၆) စိတ္တဒုက်**

(ဓာန်လေးပါးတို့သည်) စိတ် မမည်ကုန်။

**(၅၇) စေတသိကဒုက်**

(ဓာန်လေးပါးတို့သည်) စေတသိက် မည်ကုန်၏။

**(၅၈) စိတ္တသမ္ပယုတ္တဒုက်**

(ဓာန်လေးပါးတို့သည်) စိတ်နှင့်ယှဉ်ကုန်၏။

**(၅၉) စိတ္တသံသဋ္ဌဒုက်**

(ဓာန်လေးပါးတို့သည်) စိတ်နှင့် နှီးနှောကုန်၏။

**(၆၀) စိတ္တသမုဋ္ဌာနဒုက်**

(ဓာန်လေးပါးတို့သည်) စိတ်ကြောင့် ဖြစ်ကုန်၏။

**(၆၁) စိတ္တသဟဘူဒုက်**

(ဓာန်လေးပါးတို့သည်) စိတ်နှင့်တကွ ဖြစ်ကုန်၏။

**(၆၂) စိတ္တာနုပရိဝတ္တိဒုက်**

(ဓာန်လေးပါးတို့သည်) စိတ်သို့ အစဉ်လိုက်၍ ဖြစ်ကုန်၏။

**(၆၃) စိတ္တသံသဋ္ဌသမုဋ္ဌာနဒုက်**

(ဈာန်လေးပါးတို့သည်) စိတ်နှင့်လည်း နှီးနှော၊ စိတ်ကြောင့်လည်း ဖြစ်ကုန်၏။

**(၆၄) စိတ္တသံသဋ္ဌသမုဋ္ဌာနသဟဘူဒုက်**

(ဈာန်လေးပါးတို့သည်) စိတ်နှင့်လည်း နှီးနှော၊ စိတ်ကြောင့်လည်း ဖြစ်၊ စိတ်နှင့်လည်းတကွ ဖြစ်ကုန်၏။

**(၆၅) စိတ္တသံသဋ္ဌသမုဋ္ဌာနာနုပရိဝတ္တိဒုက်**

(ဈာန်လေးပါးတို့သည်) စိတ်နှင့်လည်း နှီးနှော၊ စိတ်ကြောင့်လည်း ဖြစ်၊ စိတ်သို့လည်း အစဉ်လိုက်၍ ဖြစ်ကုန်၏။

**(၆၆) အဇ္ဈတ္တိကဒုက်**

(ဈာန်လေးပါးတို့သည်) အပ'ဗဟိဒ္ဓ' ၌ ဖြစ်ကုန်၏။

**(၆၇) ဥပါဒါဒုက်**

(ဈာန်လေးပါးတို့သည်) မဟာဘုတ်လေးပါးတို့ကို မှီ၍ မဖြစ်ကုန်။

**(၆၈) ဥပါဒိန္နဒုက်**

(ဈာန်လေးပါးတို့သည်) ရံခါ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် ယူအပ်ကုန်၏။ ရံခါ တဏှာ ဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် မယူအပ်ကုန်။

## ဥပါဒါနဂေါစ္ဆကအဖြေ

**(၆၉-၇၄) ဥပါဒါနဒုက်**

(ဈာန်လေးပါးတို့သည်) ဥပါဒါန် မမည်ကုန်။ပ။

## ကိလေသဂေါစ္ဆကအဖြေ

**(၇၅-၈၂) ကိလေသဒုက်**

(ဈာန်လေးပါးတို့သည်) ကိလေသာ မမည်ကုန်။ပ။

# ဈာနဝိဘင်္ဂ

## ပိဋ္ဌိဒုက်အဖြေ

**(၈၃) ဒဿနေနပဟာတဗ္ဗဒုက်**

(ဈာန်လေးပါးတို့သည်) သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သော တရားတို့ မဟုတ်ကုန်။

**(၈၄) ဘာဝနာယပဟာတဗ္ဗဒုက်**

(ဈာန်လေးပါးတို့သည်) အထက်မဂ်သုံးခုဖြင့် ပယ်အပ်သော တရားတို့ မဟုတ်ကုန်။

**(၈၅) ဒဿနေနပဟာတဗ္ဗဟေတုကဒုက်**

(ဈာန်လေးပါးတို့သည်) သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သော ဟိတ်ရှိသော တရားတို့ မဟုတ်ကုန်။

**(၈၆) ဘာဝနာယပဟာတဗ္ဗဟေတုကဒုက်**

(ဈာန်လေးပါးတို့သည်) အထက်မဂ်သုံးခုဖြင့် ပယ်အပ်သော ဟိတ်ရှိသော တရားတို့ မဟုတ်ကုန်။

**(၈၇) သဝိတက္ကဒုက်**

ပဌမဈာန်သည် ဤပဌမဈာန်၌ ဖြစ်သော ဝိတက်ကို ထား၍ ဝိတက် ရှိ၏၊ ဈာန်သုံးပါးတို့သည် ဝိတက် မရှိကုန်။

**(၈၈) သဝိစာရဒုက်**

ပဌမဈာန်သည် ဤပဌမဈာန်၌ ဖြစ်သော ဝိစာရကို ထား၍ ဝိစာရ ရှိ၏၊ ဈာန်သုံးပါးတို့သည် ဝိစာရ မရှိကုန်။

**(၈၉) သပ္ပီတိကဒုက်**

ဈာန်နှစ်ပါးတို့သည် ဤဈာန်နှစ်ပါးတို့၌ ဖြစ်သော ပီတိကို ထား၍ ပီတိ ရှိကုန်၏၊ ဈာန်နှစ်ပါးတို့သည် ပီတိ မရှိကုန်။

**(၉၀) ပီတိသဟဂတဒုက်**

ဈာန်နှစ်ပါးတို့သည် ဤဈာန်နှစ်ပါး၌ ဖြစ်သော ပီတိကို ထား၍ ပီတိနှင့်တကွ ဖြစ်ကုန်၏၊ ဈာန်နှစ်ပါးတို့သည် ပီတိနှင့်တကွ မဖြစ်ကုန်။

**(၉၁) သုခသဟဂတဒုက်**

ဈာန်သုံးပါးတို့သည် ဤဈာန်သုံးပါး၌ ဖြစ်သော သုခကို ထား၍ သုခဝေဒနာနှင့်တကွ ဖြစ်ကုန်၏၊ စတုတ္ထဈာန်သည် သုခဝေဒနာနှင့်တကွ မဖြစ်။

### (၉၂) ဥပေက္ခာသဟဂတဒုက်

စတုတ္ထဈာန်သည် ဤစတုတ္ထဈာန်၌ ဖြစ်သော ဥပေက္ခာကို ထား၍ ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်၏၊ ဈာန်သုံးပါးတို့သည် ဥပေက္ခာဝေဒနာနှင့်တကွ မဖြစ်ကုန်။*[၁]

### (၉၃) ကာမာဝစရဒုက်

(ဈာန်လေးပါးတို့သည်) ကာမာဝစရ မမည်ကုန်။

### (၉၄) ရူပါဝစရဒုက်

(ဈာန်လေးပါးတို့သည်) ရံခါ ရူပါဝစရ ဖြစ်ကုန်၏။ ရံခါ ရူပါဝစရ မဖြစ်ကုန်။

### (၉၅) အရူပါဝစရဒုက်

ဈာန်သုံးပါးတို့သည် အရူပါဝစရ မမည်ကုန်၊ စတုတ္ထဈာန်သည် ရံခါ အရူပါဝစရ မည်၏၊ ရံခါ အရူပါဝစရ မမည်။

### (၉၆) ပရိယာပန္နဒုက်

(ဈာန်လေးပါးတို့သည်) ရံခါ ဝဋ္ဋ်တရား၌ အကျုံးဝင်ကုန်၏၊ ရံခါ ဝဋ္ဋ်တရား၌ အကျုံးမဝင်ကုန်။

### (၉၇) နိယျာနိကဒုက်

(ဈာန်လေးပါးတို့သည်) ရံခါ ဝဋ္ဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း ဖြစ်ကုန်၏။ ရံခါ ဝဋ္ဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း မဟုတ်ကုန်။

### (၉၈) နိယတဒုက်

(ဈာန်လေးပါးတို့သည်) မိမိ၏ အခြားမဲ့၌ ရံခါ အကျိုးပေးမြဲကုန်၏၊ ရံခါ အကျိုးပေး မမြဲကုန်။

### (၉၉) သဥတ္တရဒုက်

(ဈာန်လေးပါးတို့သည်) ရံခါ မိမိထက် လွန်မြတ်သော တရား ရှိကုန်၏။ ရံခါ မိမိထက် လွန်မြတ်သော တရား မရှိကုန်။

### (၁၀၀) သရဏဒုက်

(ဈာန်လေးပါးတို့သည်) ငိုကြွေးကြောင်း ကိလေသာ မရှိကုန်။

**ဈာန်လေးပါးတို့ကို တိက်, ဒုက်တို့ဖြင့် အမေးအဖြေပြုလုပ်ပြသောရ ပဉှာပုစ္ဆကနည်း ပြီး၏။**

## ဈာန်တရားတို့ကို ဝေဖန်၍ပြသော

## ဈာနဝိဘင်း ပြီးပြီ။

* ဆဋ္ဌမူပါဠိတော် နှာ-၂၈၃၌ "တီဏိ ဈာနာနိ ဥပေက္ခာ သဟဂတာ" ဟု ရှိနေသည်။ (န) ကျနေသည်။ "န ဥပေက္ခာ သဟဂတာ" ဟု ရှိရမည်။